JOURNALIST PUBLISHING

# ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ပါ

## ရေဒီယို အင်တာဗျူးများ

စုစည်းတင်ပြသူ

ကျော်သောင်း

Design Aung Myo(Rays)




၁၀-၁၁-၂၀၁၃ နေ့ တွင် ရန်ကုန် ဗိုလ်စိန်မှန်ကွင်း၌ ပြုလုပ်သည့် ဖွဲ့စည်းပုံပြင်ဆင်ရေး
သဘောမတူသည့် သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်




၁၀-၁၁-၂၀၁၃ နေ့ တွင် ရန်ကုန် ဗိုလ်စိန်မှန်ကွင်း၌ ပြုလုပ်သည့် ဖွဲ့စည်းပုံပြင်ဆင်ရေး
အစအဆုံးပြန်လည်ပြင်ဆင်ရမည်ကို သဘောတူသည့် သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်




၁၀-၁၁-၂၀၁၃ နေ့ တွင် ရန်ကုန် ဗိုလ်စိန်မှန်ကွင်း၌ ပြုလုပ်သည့်
ဖွဲ့စည်းပုံပြင်ဆင်ရေးတွင် တွေ့ရသည့် လူထုပရိသတ်




၁၀-၁၁-၂၀၁၃ နေ့ တွင် ရန်ကုန် ဗိုလ်စိန်မှန်ကွင်း၌ ပြုလုပ်သည့် ပွဲ့စည်းပုံပြင်ဆင်ရေးတွင်
ဟောပြောနေသည့် ကာကွယ်ရေးဦးစီးချုပ်ဟောင်း သူရဦးတင်ဦး




၁၇-၅-၂၀၁၄ နေ့တွင် ရန်ကုန် ဗိုလ်စိန်မှန်ကွင်း၌ပြုလုပ်သည့် ဖွဲ့စည်းပုံပြင်ဆင်ရေး ဟောပြောနေသည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်




၁၇-၅-၂၀၁၄ နေ့တွင် ရန်ကုန် ဗိုလ်စိန်မှန်ကွင်း၌ပြုလုပ်သည့် ဖွဲ့စည်းပုံပြင်ဆင်ရေး
ဟောပြောနေသည့် ၈၈မျိုးဆက် ကျောင်းသားခေါင်းဆောင် ဦးမင်းကိုနိုင်




၁၇-၅-၂၀၁၄ နေ့တွင် ရန်ကုန် ဗိုလ်စိန်မှန်ကွင်း၌ ပြုလုပ်သည့်
ဖွဲ့စည်းပုံပြင်ဆင်ရေးတွင် တွေ့ရသည့် လူထုပရိသတ်

# ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ရိုင်းပင်းကူညီပေးခဲ့ကြသော ထိုင်းနိုင်ငံတောင်ပိုင်းမှ ဒါရိုက်တာ ကိုထူးချစ်၊ ဗွီအိုအေသတင်းထောက် ကိုကျော်ထင်၊ လိုအပ်သော အသံဖိုင်အချို့အား ကူးယူပေးသော ထိုင်းနိုင်ငံအခြေစိုက် ရွှေမီဒီယာ သတင်းထောက် ကိုဇင်လတ်၊ ကိုကြိုင်သန်း (ဘာသာပြန်ပေးသော ရေနေကြီး ဦးမျိုးညွန့်နှင့် ကိုသီးသီး)စာမူကြမ်းအား ကူညီစာစီစာရိုက်ပေး ခဲ့ကြသော ဘားမားပို့စ်သတင်းစာ အယ်ဒီတာ ကိုသက်လွင်ဦးနှင့်အဖွဲ့သားများ စာအထားအသို အလှအပ ပြင်ဆင်ပေးသော ကိုမောင်မောင်ဆန်းနှင့် ကိုညို၀င်း ဒီဇိုင်းကိုမျိုး၊

အထူးသဖြင့် ဤစာအုပ်ပါ ဥပဒေရေးရာ အကြောင်းအရာများအား ကိုးကားနိုင်စေရန် စာရွက်စာတမ်းများအား တကူးတက ကူညီပေးပို့ခဲ့သော မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး၊ စာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းအကြံဉာဏ် ပေးကြသော ညီငယ်များ၊ မိတ်ဆွေများနှင့် ကူညီရိုင်းပင်းကြသူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။

**စုစည်းတင်ပြသူ - ကျော်သောင်း**

*

# ဥဒါန်းကျူးခြင်း

အနန္တငါးပါးဦးထိပ်ထားလျက် မိဘနှစ်ပါးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းတို့ အား ဤစာအုပ်ဖြင့် ပျပ်ဝပ်ရိုကျိုး ရှိခိုးပူဇော် အပ်ပါသည်။ ကျွန်တော်သည် မည်သည့် ပညာရှင်မှ မဟုတ်ပါ။ ဆင်းရဲတွင်းနက်နေသော မြန်မာနိုင်ငံအား အနာဂတ်ကာလတွင် တိုးတက်သာယာစေလို ကြသော ဥပဒေပညာရှင်များ နိုင်ငံရေးခေါင်းဆောင်များနှင့် နိုင်ငံရေးလေ့လာသုံးသပ်သူများ၏ ရင်တွင်းမှ စကားများကို ရတနာကဲ့သို့ တန်ဖိုးထား၍ ၎င်းတို့၏ ဉာဏ်ပညာအမြော်အမြင်ရေကန် ကြီးမှ မြန်မာပြည်သူများ သောက်သုံးနိုင်ရန် ရေခပ်ပေးသူသာ ဖြစ်ပါသည်။ ဤစာအုပ်သည် မြန်မာပြည် စစ်ကျွန်ဘဝ၊ အာဏာရှင် လက်အောက်မှ လွတ်မြောက်ရေးအတွက် မြူမှုန်တစ်မှုန်မျှ အသုံး ဝင်ခဲ့ပါလျှင် ကျွန်ုပ်၏ ကြိုးပမ်းအားထုတ်မှုများအတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါသည်။

* * *

# အဖွင့် စကားလက်ဆောင်

ဦးအောင်ထူး

အထွေထွေအတွင်းရေးမှူး

မြန်မာနိုင်ငံရှေ့နေများကောင်စီ

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ရေဒီယိုအင်တာဗျူးများ စာအုပ်နှင့်ပတ်သက်၍ ပထမဆုံး အသိအမှတ်ပြုလိုသောအချက်မှာ စုဆောင်းပြုစုသူ ဦးကျော်သောင်း၏ ကြိုးပမ်းမှုဖြစ်သည်။ ဦးကျော်သောင်းသည် တိုင်းသိပြည်သိ နိုင်ငံရေးခေါင်းဆောင်တစ်ဦး မဟုတ်ပါ။ နိုင်ငံရေးကိုစိတ်ဝင်စား၍ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် သူတတ်နိုင်သည့်နေရာမှ လှုပ်ရှား ဆောင်ရွက်နေသော သာမန်ပြည်သူတစ်ဦးမျှသာ ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းရပ်တစ်ခုတည်းပေါ်တွင်သာ ရေဒီယိုအသံလွှင့်ချက်များကို စူးစိုက်နားထောင်ပြီး လေ့လာမှတ်သားရသော အလုပ်မှာ လွယ်ကူသော အလုပ်မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာများကို တော်ရုံတန်ရုံ ဝါသနာရှိရုံဖြင့် စေတနာ့ဝန်ထမ်း အချိန်ပေးပြီး လုပ်နိုင်မည့် အလုပ်မျိုး မဟုတ်ပါ။

နိုင်ငံရေးခေါင်းဆောင် အတော်များများပင်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သက်ဆိုင်သော အကြောင်းရပ်များကို နားလည်နိုင်ရန် စိတ်ဝင်တစား အပတ်တကုတ် ကြိုးပမ်းအားထုတ်မှုမရှိဘဲ ဒီမိုကရေစီရရင်

ပေါ်လာမယ့် လွှတ်တော်ကနေ ကြိုးကြပ်ရေးဆွဲသွားရင် ရတာပဲ၊ အခု လော့လာလုပ်ဆောင်နေလို့ မလိုဟူ၍ ခပ်လွယ်လွယ် ဘေးဖယ်ထားကြ လေ့ရှိသည်။ ဒါ "ဥပဒေသမားတွေ၊ ရှေ့နေတွေ အလုပ်ပဲဟူ၍လည်း လွဲ ချသလိုလို၊ အရေးမပါလှသလိုလို အပြောမျိုးပြောတတ်တာလည်း ကြား ခဲ့ရဖူးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံရေးပြုထားကြသည်။ တိုင်းပြည်ကို အဓိကလည်ပတ်မည့် ဝင်ရိုးအနေနှင့်လည်း လက်ခံထား ကြသည်။ နိုင်ငံ၏ အမြင့်ဆုံး အချုပ်အခြာအာဏာ ဥပဒေကြီးအဖြစ် လည်း သက်ဆိုင်ရာတိုင်းပြည်တိုင်းက တန်ဖိုးထားကြသည်။ ဤသို့ဖြစ် လျှင် နိုင်ငံရေးခေါင်းဆောင်နေရာတွင် ရှိနေကြသူများက ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာများကို စိတ်ဝင်တစား လေ့လာမှု မပြုကြပါက အနာဂတ်တိုင်းပြည်၏ ကံကြမ္မာမှာ ရင်လေးဖွယ်ပင်ဖြစ်သည်။

ပြည်တွင်းပြည်ပရှိ မြန်မာနိုင်ငံသားများသည်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်စပ်လျဉ်း၍ စိမ်းနေကြသည်။ ပြည်တွင်းလူထု၏ နေ့စဉ်လက်တွေ့ဘဝမှာ မတရားသော ဥပဒေများ၏ အမျိုးမျိုးသော ဖိနှိပ်ချုပ်ချယ်မှုများ ခံစားနေရသဖြင့် ဥပဒေဆိုသည်ကို လူထု၏ အခွင့် အရေးများနှင့် လုံခြုံမှုအတွက် အကာအကွယ်ပေးထားသည့်အနေဖြင့် အပြုသဘောဘက်က ရှုမြင်မှုမျိုး နည်းပါး လွန်းလှသည်။ ဥပဒေမှန် သမျှကို မုန်းတီးစက်ဆုပ်ကြသူဦးရေမှာလည်း မနည်းလှ။ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလည်း အဆိုပါ ဥပဒေများနှင့် တစ်တန်းတည်းထား၍ လက်ခံကြသည်ကများသည့်အပြင် နအဖ ၅/၉၆ ဥပဒေအရ ထောင်ဒဏ် အနှစ် နှစ်ဆယ် ချခံရမည်ကိုစိုးရိမ်သောကြောင့် ပြည်တွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာ ဆွေးနွေးမှုများ မလုပ်နိုင်ကြပါ။

၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် တစ်ပြည်လုံး လူထုပါဝင်ဆင်နွှဲခဲ့

သည့် ရှစ်လေးလုံးအရေး တော်ပုံကြီးတွင် သာမက ယခု ၂၀၀၇ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း ဖြစ်ပွားခဲ့ သည့် သံဃာတော်များဦးဆောင်သည့် လူထုလှုပ်ရှားမှုကြီးတွင်ပါ ပြည်သူများသည် စစ်အာဏာရှင်စနစ်အုပ်ချုပ်မှုကို မနှစ်မြို့ကြောင်း ၄င်းတို့၏ဆန္ဒကို ထင်ထင်ရှားရှားထုတ်ပြသခဲ့သည်။ ယင်း သို့ဖြစ်ပါလျက် အာဆီယံခေါင်းဆောင်များ၏ သုံးသပ်ထုတ်ဖော်ချက်များမှာ စိတ်ပျက်စရာအထိဖြစ်သည်။

၂၀၀၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် အာဆီယံဥက္ကဋ္ဌ စင်ကာပူနိုင်ငံခြားရေး ဝန်ကြီးက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးကိုထောက်ပြပြီး မင်းမဲ့ဝါဒ Anarchism မပေါ်ပေါက်ရေးအတွက် နအဖ စစ်တပ်ကြီးတည်ရှိမှု၏ အရေးပါပုံကို ဖော်ညွှန်းသွား ခဲ့သည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ထပ်မံပြီး နအဖကိုဖြုတ်ချလျှင် နိုင်ငံရေးအာဏာ လစ်ဟာချက်ဖြစ်သွားနိုင်ကြောင်း Power Vacuum ဖြင့် သုံးသပ်ချက်မျိုးတွေ ပေါ်ထွက်လာပြန်သည်။ ဆိုလိုသည်မှာ နအဖ စစ်တပ်ကြီးမရှိလျှင် တိုင်းပြည်မင်းမဲ့ဝါဒမဖြစ်အောင်၊ တည်ငြိမ်မှုရှိအောင် လက်တွေ့မည်သူတွေက မည်သို့မည်ပုံ အုပ်ချုပ်သွားမည်လဲဟူ၍ စိန်ခေါ်သည့် မေးခွန်းများ ထုတ်လာခြင်းဖြစ်သည်။

စင်စစ်အားဖြင့်မူ ဥပဒေစိုးမိုးအခြေခံကို ဆန့်ကျင်ပြီး မင်းမဲ့ဝါဒကို လက်တွေ့ကျင့်သုံးနေ သူမှာ နအဖသာဖြစ်သည်။ နအဖ ဗိုလ်ချုပ်ကြီးများကတင်းကျပ်သော ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးပြီး ၄င်းတို့အာဏာရရှိရေးကို အဓိကထားကာ ဖိနှိပ်အုပ်ချုပ်နေသောကြောင့်သာ နိုင်ငံရေးအရ တိုင်း ပြည်မတည်မငြိမ် ဖြစ်နေခြင်းဖြစ်သည်။ နိုင်ငံရေးအရ မတည်ငြိမ်၊ ဥပဒေစိုးမိုးရေး ချွတ်ခြုံကျနေသောကြောင့်လည်း လူထုမှာ ဆင်းရဲတွင်းနက်ရပြီး မကျေနပ်ကြသဖြင့် ဆန္ဒတွေ ထုတ်ဖော်ပြသနေ

ကြခြင်း ဖြစ်သည်။ အာဆီယံ၏ လွဲချော်နေသော သုံးသပ်ချက်ကို တုံ့ပြန်နိုင်ရန်မှာ နည်းလမ်း တစ်ခုတည်းသာရှိသည်။

ဤသည်မှာ တိုင်းပြည်ရင်ဆိုင်နေရသော အရင်းခံပြဿနာများကို ဖြေရှင်းရာ၌ အထောက် အပံ့ဖြစ်စေမည့် ပြဋ္ဌာန်းချက်မျိုးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို မွေးထုတ်ပြီး ဤဖွဲ့ စည်းပုံအခြေခံဥပဒေနှင့်အညီ လူထုအုပ်ချုပ်ရေးယန္တရားတစ်ရပ်ကို ဝိုင်းဝန်းဖော်ဆောင်ကြရန်သာ ဖြစ်သည်။ နအဖစစ်တပ်ကြီးမရှိသော်လည်း မင်းမဲ့ဝါဒကို ကာကွယ်နိုင်သည်ဟူသော အချက်ကို သက်သေပြနိုင်ရန် သင့်တင့်လျောက်ပတ်သော ဖွဲ့စည်းပုံဥပဒေနှင့်အညီ လူထုများအဖို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လွတ်လပ်ခွင့်များ ခံစားရရှိစေခြင်းဖြင့် စစ်မှန်သော တိုင်းပြည်တည်ငြိမ်မှုကို လက်တွေ့တည်ဆောက်ပြကြရန်သာရှိသည်။

ဤသို့ဖြစ်စေရန်မှာ ပြည်တွင်းပြည်ပရှိ မြန်မာနိုင်ငံသားအားလုံး အနေဖြင့် မည်သို့သော ဖွဲ့စည်းပုံအခြေခံကို တည်ဆောက်နိုင်သည်။ လူထုများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခွင့်အရေးများ ခံစားရရှိစေနိုင်မည်။ တိုင်းပြည်တည်ငြိမ်မှုအတွက် အထောက်အပံ့ဖြစ်နိုင်မည်။ မည်သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေမှာမူ ဖွဲ့စည်းပုံအခြေခံဥပဒေဟုဆိုထားသော်လည်း ဥပဒေ စိုးမိုးရေးအခြေခံကို ဥပေက္ခာပြုလျက်ရှိသည်။ လူထုအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခွင့်အရေးများကို အာမခံချက်မပေးနိုင်၊ တိုင်းပြည် ဖရိုဖရဲဖြစ်လာစေနိုင်မည် စသည်များကို လေ့လာ ဆွေးနွေးကြဖို့ အချိန်ရောက်ပြီဟု တင်ပြလိုသည်။ ဤသို့သောအချိန်တွင် ဤစာအုပ်ထွက်ပေါ် လာခြင်းဖြစ်ပါသည်။

ဦးကျော်သောင်း ပြုစုထားသော ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရေဒီယိုအင်တာဗျူးများ စာအုပ်မှာ ပါတီတစ်ပါတီ၊ အဖွဲ့အစည်း တစ်ရပ်၊ လူအုပ်စုတစ်စု၊ ပုဂ္ဂိုလ်တစ်ဦး၏ အမြင်များကို တင်ပြထား ခြင်းမဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအကြောင်းရပ်များကို ဗဟိုပြု၍ ၄င်းလက်လှမ်းမီသမျှသောပါတီ၊ အဖွဲ့အစည်းခေါင်းဆောင်များ၊ ပညာရှင်များ၊ ဥပဒေသမားများ၊ လှုပ်ရှားတက် ကြွသူများ၏ အမြင် သဘောထားများကို ဘက်စုံထောင့်စုံမှ စုံစုံလင်လင် စုဆောင်းတင်ပြ ထားသည် ဟု ကျွန်တော်နားလည်ပါသည်။

ပန်းပေါင်းစုံကို ဖူးပွင့်ခွင့်ပေးထားသည့် ပန်းစုံတောတစ်ခုအနေဖြင့် လည်း မှတ်ယူနိုင်ပါသည်။ စာဖတ်သူများအနေဖြင့်လည်း တစ်စုံတစ်ရာ အကျိုးရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုလေ့လာပြီး နောက် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို ပြည်သူလူထု များ အတွင်း၌ တစ်စုံတစ်ရာ ကျယ်ကျယ်ပြန့်ပြန့် လေ့လာလိုစိတ်များ ကိန်းအောင်းလာပြီးနောက် ဦးကျော်သောင်း ကြိုးပမ်းသကဲ့သို့ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခြေခံလူထုလှုပ်ရှားမှုများ အရှိန်အဟုန်မြင့်မား လာမည်ဆိုပါက ဥပဒေစိုးမိုးရေး အခြေခံပေါ်တွင် တိုင်းပြည်တည်ငြိမ်မှု အတွက် လည်းကောင်း၊ ပြည်သူများ၏ လွတ်လပ်မှု၊ တရားမျှတမှု ငြိမ်းချမ်းမှုအတွက်လည်းကောင်း၊ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် အဖွင့်လက်ဆောင်စကားပါးအပ်ပါသည်။

*

# လူထုကိုယ်စားလှယ်များမပါဝင်ဘဲ တစ်ဖက်သတ်ရေးဆွဲနေသော ဖွဲ့စည်းပုံကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ လုံးဝဆန့်ကျင်

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီများနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ သဘောထုတ်ပြန်ချက်

**နေ့စွဲ ။ ။ ၃၁ ဇူလိုင် ၂၀၀၇**

**စာအမှတ်။ ။ ၁/၂၀၀၇**

ဖွဲ့စည်းပုံအခြခံဥပဒေပေါ်ပေါက်ရေးသည် ပြည်သူလူထုအားလုံး၏ တာဝန်ဖြစ်သည်ဟူ၍ လည်းကောင်း၊ နဝတ (နအဖ)၏ ၁/၉၀ အရ ၁၉၉၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်တင်မြှောက်ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်မှာ အခြေခံ ဥပဒေပေါ်ပေါက်ရေး ဖြစ်သည်ဟူ၍လည်းကောင်း ကမ္ဘာသိကြေညာခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်သည် မရှိမဖြစ်လိုအပ်သည်မှာ အမှန်ပင်ဖြစ်သည်။ ပြည်သူ့ ဆန္ဒနှင့်ကိုက်ညီပြီး စစ်မှန်တည်တံ့ခိုင်မြဲသော ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှတ်တော်ကိုယ်စား လှယ်များနှင့် တိုင်းရင်းသားပြည်သူများကို အမှန်တကယ် ကိုယ်စားပြုသူများ အဓိကပါဝင်ရေးဆွဲရမည်။ ၄င်းကိုယ်စားလှယ်များမပါဝင်ဘဲ တစ်ဖက်သတ်ရေးဆွဲသည့် မည်သည့်

ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုမျှ လက်ခံနိုင်မည်မဟုတ်ပါကြောင်း ကြေညာလိုက်သည်။

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

*

# နိဒါန်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ လူထုကို ဘယ်လိုပုံစံမျိုးနဲ့ အုပ်ချုပ်ပေးပါဆိုပြီး ရွေးချယ် ထားတဲ့ ကိုယ်စားလှယ်တွေကို ပေးအပ်တဲ့ သဘောတူစာချုပ်လို့ခေါ်ရင်ဖြစ်နိုင်သလို တိုင်းပြည် တစ်ခုမှာ ဘယ်လိုပုံစံနဲ့ အုပ်ချုပ်မလဲဆိုတဲ့ လူထုပါဝင်ရေးဆွဲထားတဲ့ ပဋိညာဉ်သဘောတူညီချက် လို့ ပြောရပါမယ်။ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတစ်ခုရဲ့ အမြင့်ဆုံးဥပဒေ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒုက္ခကိုလည်း အကြီးအကျယ်ခံစားရနိုင်သလို တိုင်းပြည်ရဲ့လွတ်လပ်ရေးနဲ့ သာယာဝပြောရေးအတွက်လည်း အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ လူတစ်စု၊ ပါတီတစ်ခုရဲ့ ဒီအတိုင်းနေ ဒီအတိုင်းလုပ်လို့ ချမှတ်ထားတဲ့ ပုံစံခွက်ထဲမှာ မွေးဖွားကြီး ပြင်းလာရတဲ့ မြန်မာနိုင်ငံသားတွေဟာ ငါတို့နဲ့ သက်ဆိုင်နေပါလားလို့ဆိုတာ သိမြင်ကြဖို့လိုပါ ပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်တွေကို ထဲထဲဝင်ဝင်သိရှိအောင် လူထုအားလုံး စိတ်ဝင် တစား လေ့လာရန် အပူတပြင်းလိုအပ်နေပါပြီ။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်တွေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဏ္ဍိုင်ပြုပြီး ဥပဒေစိုးမိုးမှုကို လေးစားလိုက်နာ ကျင့်သုံးကြရတယ်။ ဥပဒေ အထက်မှာ ဘယ်သူမှမရှိဘူး။ ပြည်သူ့ဆန္ဒမပါဘဲ ဘယ်သူတစ်ဦးတစ်ယောက်ကမှ ချိုးဖောက် ပယ်ဖျက်လို့မရဘူး လို့ ဗိုလ်ချုပ်အောင်ဆန်းက ပြောခဲ့ပါတယ်။

အခုလက်ရှိ နအဖ ရေးဆွဲနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာ

တကယ်ပဲ ဥပဒေစိုးမိုးရေးကို တည်ဆောက်နိုင်ပါ့မလားဆိုတာ ကျွန်တော်တို့ဆန်းစစ်ဖို့ လိုအပ်လာပါတော့တယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပေါ်လာရုံနဲ့လွတ်လပ်ပြီး တရားဥပဒေစိုးမိုးရေးရှိလာမယ်လို့ ယူဆမိရင် ငါးပါးမှောက်ကုန်ပါလိမ့်မယ်။ မြန်မာနိုင်ငံသမိုင်းကြောင်းမှာ ၁၉၄၇ ခုနှစ်က တစ်ကြိမ်၊ ၁၉၇၄ ခုနှစ် ကတစ်ကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့တာကို တွေ့ရပါတယ်။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အားနည်းချက်တွေရှိသလို အားကောင်းတဲ့အချက်တွေလည်း မနည်း လှပါ၊ အားကောင်းတဲ့အချက်က လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ရှိခဲ့တာပါပဲ။ အဲဒီတုန်းက ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် အတိုက်အခံနိုင်ငံရေးအင်အားစုတွေကို ဖိနှိပ်ဖမ်းဆီးတဲ့အခါ တရားစီ ရင်ရေးက လွတ်လပ်အားကောင်းစွာ တည်ရှိနေခဲ့တဲ့အတွက် ထင်သလိုခြယ်လှယ် လို့မရရှိအောင် ဥပဒေက အကာအကွယ်ပေးနိုင်ခဲ့ပါတယ်။ အုပ်ချုပ်သူများ ညည်းညူခဲ့ရတယ်လို့ လေ့လာမှတ် သားခဲ့ဖူးပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက အမည်ခံ ပြည်ထောင်စုသာဖြစ်ပြီး ပြည်နယ်လူမျိုးစု ရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် လုံးဝ ချုပ်ငြိမ်းသွားပါတယ်။ လူသားတစ်ယောက်ရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ ကိုယ့်ကံကြမ္မာကို ဖန်တီးခွင့်လုံးဝ ဆုံးရှုံးခဲ့ရတာကြောင့် အမွဲဆုံးတိုင်းပြည်စာရင်းကို ဝင်သွားခဲ့ ရပါတယ်။ ၁၉၈၈ လူထုအုံကြွမှုအရေးအခင်းကြီးနဲ့ တစ်ပါတီအာဏာရှင် မိုလ်နေဝင်းရဲ့ အာဏာ ရှင်စနစ် ဗုန်းဗုန်းလဲသွားခဲ့ရတယ်။ တိုင်းပြည်တစ်ပြည် အေးချမ်းသာယာစွာ ဟန်ချက်ညီညီ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတစ်ဦး၊ ပါတီတစ်ဖွဲ့၊ လူတစ်စုက တည်ထောင်၍မဖြစ်နိုင်ပါ။ အများပြည်သူအားလုံး ပါဝင်ပတ်သက်နေတာကြောင့် ဒီလူတွေ မိမိဘဝ မိမိပတ်ဝန်းကျင် မိမိလူမျိုး မိမိတိုင်းပြည်

အတွက် ဘယ်လောက်အထိ ဉာဏ်စွမ်းရှိသလောက် ကံစွမ်း(ကာယ)ရှိသလောက် ဖိနှိပ်ချုပ်ချယ်မှုကင်းကင်းနဲ့ လွတ်လွတ်လပ်လပ် တီထွင်ကြံဆလုပ်ကိုင်ခွင့်ရရှိကြမှာ ဖြစ်ပါတယ်။

ယခု နအဖ ရေးဆွဲနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တိုင်းပြည်နှင့် မြန်မာပြည်အတွင်း မှီတင်းနေထိုင်ကြသော လူသားအားလုံးအတွက် ကောင်းကျိုးချမ်းသာကို ဖြစ်စေနိုင်မည်လား။ ဒါမှမဟုတ် အခွင့်ထူးခံ လူတန်းစားတစ်ရပ်(စစ်ဗိုလ်)ရာသက်ပန် တည်မြဲရေးအတွက်လားဆိုတာ သဲသဲကွဲကွဲ သိရှိကြပါမှ နောင် သားစဥ်မြေးဆက် ကျွန်သပေါက်ဘဝမှ လွတ်နိုင်ကြပါမယ်။ ဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာ ဆိုးကျိုးသံသရာများ ထပ်မံမပေါ်ပေါက်ရေးအတွက် မြန်မာနိုင်ငံသားတိုင်း မှာ တာဝန်ရှိပါတယ်။

လွန်ခဲ့သော ၂၀၀၄ - ၂၀၀၇ အတွင်းက မြန်မာရေဒီယိုအသံလွှင့်ဌာနများဖြစ်သော BBC, DVB,RFA တို့မှ ထုတ်လွှင့်ခဲ့သော ညောင်နှစ်ပင် ညီလာခံဆိုင်ရာ မေးမြန်းချက်တို့ကို ကတ်ဆက် ကလေးဖြင့် အသံဖမ်းယူသိမ်းဆည်းထားခဲ့ပါတယ်။ စာလုံးအဖြစ်သို့ ပြောင်းလဲခဲ့ရာမှာ ပင်ပန်းပြီး ကြာမြင့်ခဲ့ပါတယ်။ ရေဒီယိုမှထုတ်လွှင့်သော သတင်းများ မည်မျှပင်တန်ဖိုးရှိပါစေ ထုတ်လွှင့်ချိန် နားဆင်မိမှသာ ကြားသိနိုင်ပါတယ်။ အင်တာနက်ဆိုသည်မှာလည်း လူနည်းစုသာ အသုံးပြုနိုင်ကြ ပါတယ်။ ကျွန်တော် ယခုတင်ပြချက်များမှာ သိမ်းဆည်းရမိသလောက်သာ ဖြစ်ပါတယ်။ ဥပဒေ ပညာရှင်တစ်ဦးမဟုတ်၍ မည်သို့မှ မပြည့်စုံနိုင်ပါ။

သို့ပါသော်လည်း အဖိနှိပ်ခံ သာမန်ပြည်သူတစ်ဦးအနေဖြင့် နအဖ၏ Road Map ဒုတိယ အဆင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ထောက်ခံသင့်သလား၊ ကန့်ကွက်သင့်သလား၊ စဉ်းစားနိုင် ကြစေရန်နှင့် စနစ်တစ်ခုမှ

တစ်ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုမှ တစ်ခုသို့ အသွင်ကူးပြောင်းနိုင်ရန် မျိုးဆက်နှင့်ချီ၍ ရာစုနှစ်ဝက်တိုင် သွေးချောင်းစီးခဲ့ကြရ၊ ဘဝပျက်ခဲ့ကြရခြင်းတို့ကို အထူးဂရု ပြုမိကြစေရန်နှင့် နောက်ထပ်အာဏာရှင်နိုင်ငံ၊ အာဏာရှင်စနစ် မပေါ်ထွန်းရေးအတွက် တင်ပြရ ခြင်းဖြစ်ပါတယ်။ နအဖ စစ်အုပ်စုဟာ မြန်မာနိုင်ငံသား လူတစ်ဦးချင်းစီ အခွင့်အရေးများနှင့် လူမျိုးစုတိုင်း၏ စုပေါင်းအခွင့်အရေးကို ကာကွယ်ထိန်းသိမ်းနိုင်မည့် ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးအတွက် အခြေခံအုတ်မြစ်ချဖို့ ကြိုးစားနေခြင်းလား။ စစ်တပ်ထာဝစဉ်ကြီးစိုးရေးအတွက် ကျားကုတ် ကျားခဲ ကြိုးစားနေခြင်းလားဆိုတာကို ပြည်တွင်းပြည်ပမှ ပြည်သူများ သိရှိနိုင်ကြစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရေဒီယိုအင်တာဗျူးများကို ပြုစုထုတ်ဝေရခြင်းဖြစ် ပါတယ်။

**စုစည်းတင်ပြသူ ကျော်သောင်း**

**အယ်ဒီတာရခိုင့်တံခွန်ဂျာနယ်**

**ဘန်ကောက်၊ ထိုင်းနိုင်ငံ**

*

## အဖွင့်ပဏာမ

"စစ်တပ်ထာဝစဉ်ကြီးစိုးရေး အခြေခံမှုတွေဟာ တိုင်းပြည်ရဲ့ တကယ့်အသွင်ကူး ပြောင်းရေးကို အထောက်အကူဖြစ်နိုင်၊ မဖြစ်နိုင်။ ဒီမိုကရေစီဆိုတာ မြေရွေးတယ်၊ ပေါက်ရန်ခက်ခဲတယ်၊ ရှင်သန်ဖို့ခက်တယ်၊ အပင်ကြီးလာဖို့ ခက်တယ်၊ သေဖို့လွယ်တယ်။ ပြည်သူတွေကလည်း ဒီမိုကရေစီကို လိုလားဖို့လိုတယ်။ ဒီမိုကရေစီ ရှင်သန်ကြီးထွားလာအောင် အင်မတန် ကြိုးစားဖို့လိုအပ်တယ်။ စစ်အာဏာရှင်ဗိုလ်ချုပ် ကြီးတွေဟာ မိမိတို့ချမ်းသာဖို့ကိုသာကြည့်တယ်။ တစ်သက်လုံး ဗမာပြည်ကောင်းစားရေးကို မကြည့်ကြဘူး။ မြန်မာ ပြည်သူပေါင်းတို့ခင်ဗျာ လွတ်လပ်ရေးရပြီးတာ အနှစ် ၆၀ ရှိလာပြီးဖြစ်တဲ့ တိုင်းပြည်တစ်ပြည်ရဲ့ မလှမပတဲ့ အတိတ် သမိုင်းကို တပိန်ပိန်တလိမ်လိမ်ကြည့်ပြီး အံကြိတ်၊ တောက်ခေါက်နေပေမယ့် တကယ့်စစ်မှန်တဲ့ လွတ်လပ်ရေး ပြန်လည် ရရှိလာမှာ မဟုတ်ပါဘူး။ ဒီတော့ ရခဲလှတဲ့ လူ့ဘဝမှာ လူပီသစွာ နေထိုင်နိုင်ရေးအတွက် ဗိုလ်ချုပ်ရဲ့ "ရရင်ရ … မရရင်ချ"ဆိုတဲ့ လွတ်လပ်ရေးတိုက်ပွဲရဲ့ သမိုင်းဝင်ဆောင်ပုဒ်ကို ပြန်လည်ဖော် ထုတ်ရင်း အနာဂတ်မျိုးဆက်သစ်တွေကို ကယ်တင်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်"

*

# အခန်း(၁) နအဖ၏ မုန့်ကြိုးလိမ် လောကပါလ သုံးပါး ဒီမိုက ရေစီ

အင်တာဗျူး(၁)

RFA လွတ်လပ်တဲ့အာရှအသံ မြန်မာပိုင်းအစီအစဉ် ဦးစိန်ကျော်လှိုင် မေးမြန်း၍ အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်မှ ဦးဉာဏ်ဝင်းက ဖြေကြားသည်။

မေး ။။ စစ်အစိုးရအုပ်ချုပ်တဲ့ကာလမှာ အခြေခံဥပဒေရေးဆွဲရမယ် ဆိုပြီး ဒီကာလမှာ ဘာကြောင့် သူတို့ ခွင့်ပြုလိုက်ရသလဲခင်ဗျာ။

ဖြေ ။။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆွဲပြီးတယ်ဆိုတဲ့အချိန်မှာ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးတာ ကတော့ ဒီမိုကရေစီပေးတာဆိုပြီး ပြမှာပဲ။ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို လက်နက်မပါဘဲနဲ့ ထုတ်ဖော်ခွင့်ရှိတယ်လို့ ပေးထားသော်လည်းပဲ Emergency Declaration အရေးပေါ်စီမံချက် ဥပဒေအရ အချိန်မရွေးအာဏာသိမ်း နိုင်တယ်ဆိုတဲ့ အခွင့်အရေးကို ယူထားတဲ့အတွက် ကြောင့် ကျန်တဲ့လူ တွေက ဘယ်လိုပဲ လက်နက်မပါဘဲနဲ့ ဆန္ဒပြတိုင်း တိုင်းပြည်အတွက် အန္တရာယ် ဖြစ်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ သူ့ဆီမှာ လက်နက်တစ် ခုရှိထားတာကိုး။

မေး ။။ ဟုတ်ပြီ အဲလိုအခွင့်အရေး မပေးတဲ့အချိန်မျိုးမှာ နောင်တစ် ချိန်ကျတော့ ဒီအခွင့်အရေး ပေးပါမယ်။ အခုကျတော့ မပေးနိုင်ဘူးဆို

တဲ့ အခိပ္ပာယ်ဟာ ဘယ်လိုပုံစံမျိုး နားလည်မိလဲ ခင်ဗျ။

ဖြေ ။ ။ ဒါက ခုချိန်မှာက ဖွဲ့စည်းပုံမရှိဘူးလေ။ ဖွဲ့စည်းပုံမရှိတဲ့အခါ ကျတော့ သူ့အာဏာနဲ့ပဲသူ အုပ်ချုပ်တာကိုး။ ဟိုမှာကတော့ ဖွဲ့စည်းပုံ တစ်ရပ်ကိုပဲ ပြရမှာဆိုတဲ့အခါကျတော့ ခုနက ကျွန်တော် ရှင်းပြသလိုပဲ လွတ်လပ်ခွင့်ကို ပေးထားသယောင်ပြထားပြီးတော့ လိုအပ်တဲ့အခါ အာဏာသိမ်းမယ်ဆိုတဲ့ အခွင့်အရေးကို ယူထားတာကိုက မရိုးသားတဲ့ အကြံအစည်တစ်ခုနဲ့ သူလုပ်ထားတဲ့ ဟာပါ။

ဦးစိန်ကျော်လှိုင် ။ ။ သောတရှင်များခင်ဗျာ ... မြန်မာစစ်အစိုးရ ဖွဲ့စည်းပုံအတိုင်းသာ ဆက်သွား မယ်ဆိုရင် နိုင်ငံတော်သမ္မတဟာ စစ် ရေးအတွေ့အကြုံရှိသူ ဖြစ်ရမယ်လို့ ဆိုထားတာကတော့ မြန်မာနိုင်ငံမှာ အရပ်သားထဲက သမ္မတမဖြစ်နိုင်တော့သလို ဗိုလ်ချုပ်တွေသာ ပုံစံတစ် မျိုးနဲ့ အုပ်ချုပ်မယ့် ဖွဲ့စည်းပုံဖြစ်မှာပဲလို့ ရန်ကုန် နိုင်ငံရေး အသိုင်းအဝိုင်းက ပြောဆိုနေကြောင်းပါ ခင်ဗျာ။

ဘီဘီစီ မြန်မာပိုင်းအစီအစဉ်မှ ဦးကျော်ဇံသာ မေးမြန်း၍ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ရှေ့နေ ဦးညဏ်ဝင်း၊ အမျိုးသားရေး ဦးဝင်းနိုင်၊ ဒေါက်တာအောင်ခင်တို့ ပါဝင်ဆွေးနွေးထားသည်။

ဦးညဏ်ဝင်း ။ ။ ဒီမိုကရေစီကျင့်စဉ်ကို ထိန်းသိမ်းစောင့်ရှောက်တဲ့ ပြည်သူ့တပ်မတော်ဖြစ်ရမယ်။ ဒါကို ကျွန်တော်တို့ တစိုက်မတ်မတ် တင်ပြခဲ့တယ်။ နောက်ပြီးတော့ တပ်မတော်ဟာ နိုင်ငံတော် မှာ ထည်ဝါ ခံ့ညားစွာရပ်တည်နေတဲ့ ဒီမိုကရေစီနိုင်ငံ တည်တံ့ခိုင်မြဲဖို့၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ဖို့၊ ဒီလိုတာဝန်တွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့အဖွဲ့ချုပ် NLD ရဲ့ သဘောထား ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဦးကျော်ဇံသာ ။ ။ အခု သတင်းစာထဲမှာ တွေ့ရတာကတော့ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကာကွယ်ဖို့ အဓိက တာဝန်ရှိတယ်ဆိုတာ တွေ့ရပါတယ်။

ဦးညဏ်ဝင်း ။ ။ ဒီမိုကရေစီနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ပြည်သူလူထုက ရွေးချယ်တင် မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ် များနဲ့ ဖွဲ့စည်းတဲ့ ဒီမိုကရေစီနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီအတိုင်းပဲအဖွဲ့ချုပ်ရဲ့ သဘောထားကတော့ ဟုတ်လား၊ ကျွန်တော်တို့ရဲ့ တိုင်းပြည် ဟုတ်လား၊ ဒီမိုကရေစီမဏ္ဍိုင်ကို တည်တံ့ခိုင်မြဲစေချင်ရင် အချုပ်အခြာ အာဏာ လူထုပိုင်တယ်၊ နိုင်ငံတော်အာဏာ လူထုက ဆင်းသက်ရမယ်ဆိုတဲ့ မူတွေအပေါ်မှာပဲ ကျွန်တော်တို့က ရပ်တည်ထားပါတယ်။

ဒေါက်တာအောင်ခင် ။ ။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် တွေကို စစ်အစိုးရက ကြောက်နေ တာတော့ သိပ်ထင်ရှားတယ်။ ကြောက်လို့လည်း အခုလိုဖမ်းဆီးပြီး အခုလို ထိန်းသိမ်းလိုက်တာပေါ့။ အရပ်သားအနေနဲ့က စစ်အစိုးရနဲ့ ဆွေးနွေးမယ်ဆိုရင်လည်း ဖြောင် ဆွေးနွေးမယ်။ မင်းကိုနိုင်တို့၊ ကိုကိုကြီးတို့ ပြောထားတာပဲ။ ဒါပေမဲ့ အစိုးရအကျင့်က အဲဒါမျိုးရှိမှ မရှိဘဲ။ သူ့အကျင့်က တိတ်တိတ်ပုန်းလုပ် တတ်တဲ့ အကျင့်ပေါ့လေ။ တရုတ်ပြည်က ကွန်မြူနစ်ပေမယ့် အရပ်သား နဲ့ ဆက်ဆံတာမှာ ပွင့်ပွင့်လင်းလင်းရှိတယ်။ စစ်တပ်ကြီးနဲ့ လုပ်နေ တော့ အရပ်သားကို စစ်သားတွေလို နွားတွေလို မောင်းလို့ ခိုင်းလို့မရ ဘူး။ အရပ်သားကလည်း သူ့အမြင်နဲ့သူ ရှိတာပဲ။ အရပ်သားနိုင်ငံရေးကို စစ်သားလိုအမိန့်နာခံဖို့ချည်းပဲ လုပ်နေလို့မရဘူး။ စစ်အစိုးရ အမြဲတမ်း ပြောနေကျ “ တို့တာဝန်အရေးသုံးပါး” ပါ။ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ စစ်တပ်က တိုင်းရင်းသားတွေ သူ့လက်အောက်ကို

အားလုံးရောက်လာရေး၊ ဒါပဲရည်ရွယ်တာ။ စစ်တပ်က တိုင်းရင်းသားတွေနဲ့ တန်းတူရည်တူ ဆွေးနွေးတယ်ဆိုတဲ့ အယူအဆသူတို့မှာမရှိဘူး။ သူတို့ဖြစ် နိုင်တဲ့ ဒီမိုကရေစီစနစ်ဆိုတာက တရုတ်ဒီမိုကရေစီစနစ်ပဲဖြစ်နိုင်လိမ့်မယ်ထင်တယ်။ တရုတ်ပြည်က သူ့ကိုယ်သူ တစ်ပါတီအာဏာရှင် စနစ်လို့ မသတ်မှတ်ဘူးဗျာ။ တကယ့်တကယ် တရုတ်ကွန်မြူနစ်ပါတီက ကြီးစိုးပေမယ့် ဒီပါတီအပြင် တခြားပါတီ (၈) ပါတီရှိတယ်ဆိုပြီး ထောက်ပြတယ်။ ဒီပါတီတွေက အစိုးရကို ထောက်ပြပိုင်ခွင့်မရှိဘူး။ စစ်အစိုးရလိုချင်တာကလည်း စစ်အစိုးရကို ထောက်ခံတဲ့ တိုင်းရင်းသားအုပ်စုတွေဖြစ်တယ်။ ဖက်ဒရယ်စနစ်လုပ်ရင် သူတို့ကိုယ်သူတို့ ဘယ်လောက် ကာကွယ်နိုင်သလဲဆိုတာမှာ မူတည်တယ်။ “ဝ”ဒေသက ပြည်နယ်မဟုတ်ပေမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်လိုဖြစ်နေတယ်။ အစိုးရစစ်တပ်တောင် ဝင်ခွင့်တောင်းပြီးမှ ဝင်ရတာပဲ။ “ဝ”ဆီက သူတို့လက်နက်တောင်းကြည့်ပါလား။ သူတို့နယ်ခြားကိစ္စမှာ အကုန်လုံး ဒုက္ခ ရောက်ကုန်မယ်။

သုံးသပ်ချက် (၁)

စစ်အုပ်ချုပ်ရေးကာလမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲမယ်လို့ နအဖ က ချမှတ်ခဲ့ ခြင်းဟာ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ အမျိုးသားညီလာခံစတင်စဉ် အခြေခံမူ (၁၀၄)ချက် လမ်းညွှန်မူ (၆)ချက်အဖြစ် မဖော်ထုတ်ခင် ၁၉၉၂ ခုနှစ်ကတည်းက လမ်းပြမြေပုံ Road Map ကို ချမှတ်စီစဉ် ထားပြီးဖြစ်သည်။ ၁၉၉၀ မှာ NLD အပြတ်အသတ် အနိုင်ရမှုကြောင့် စစ်အုပ်စုရဲ့အာဏာရယူရေး စီမံချက် ပျက်ပြားခဲ့ရသည်။ ရွေးကောက်ပွဲအနိုင်ရပါတီကို အာဏာလွှဲမပေးရစေရန် ကစားကွက်တစ်ခုအဖြစ် အခြေခံဥပဒေတစ်ခု ဖော်ထုတ်နိုင်ရေးအတွက် ၁၉၉၃ ခု

နှစ်တွင် အမျိုးသားညီလာခံ အမည်တပ်၍ စတင်အသက်သွင်းခဲ့သည်။ ၁/၉၀ စစ်အစိုးရ၏ ကြေညာချက်အရ ရွေးကောက်ခံ ကိုယ်စားလှယ်များ၏ တာဝန်မှာ အခြေခံဥပဒေတစ်ရပ် ရေးဆွဲရန်ဟုဆိုခဲ့သည်။ သို့သော် နအဖ သည် ကတိသစ္စာ မရှိသူများပီပီ အမျိုးသားညီလာခံ ကိုယ်စားလှယ်ပေါင်း ၇၀၂ ဦးအနက် ရွေးကောက်ခံ ကိုယ်စားလှယ် ၉၉ ဦးသာ တက်ရောက်ခွင့်ရရှိသည်။ ၁၉၉၅ တွင် NLD မှ ညီလာခံ ကို သပိတ်မှောက်ခဲ့သည်။ ရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များကသာ တိုင်းပြည် ကို အုပ်ချုပ်ရမည်ဟူသော ဒီမိုကရေစီဝါဒကို လုံးဝဆန့်ကျင်နေပါသည်။ နအဖ၏ အခြေခံမူများ တွင် နိုင်ငံတော်သည် သမ္မတနိုင်ငံဖြစ်သည်ဟု ဆိုထားသည်။ သမ္မတဟူသော စကားလုံးကို အတိအကျ အဓိပ္ပာယ်ဖွင့်ဆိုမထားသော်လည်း အခြေခံအားဖြင့် ပြောရလျှင် အရွယ်ရောက်ပြီးသူတိုင်း မဲပေးခွင့်ရှိပြီး ပြည်သူလူထုက ရွေးချယ်တင်မြှောက်သော အစိုးရရှိသည့် နိုင်ငံကို ဆိုလိုသည်။ ဤအခြေအနေအရ ကင်းမဲ့နေလျှင် သမ္မတနိုင်ငံဟု မဆိုနိုင်ချေ။ ယခု နအဖ၏ သမ္မတမှာ စစ်ရေးအတွေ့အကြုံအနည်းဆုံး ၁၀ နှစ်ရှိပြီးသူဖြစ်ရမည်ဟု ဆိုထားပါသည်။ သို့ဖြစ်၍ အနာဂတ် မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံကို နှစ်ပေါင်းငါးဆယ်နီးပါး အုပ်ချုပ်ခဲ့သော်လည်း နအဖတို့ နားလည် သဘောပေါက်ထားသည့် နိုင်ငံတော်လုံခြုံရေးကို မရနိုင်ခြင်းကို စစ်ဗိုလ်ချုပ်များအနေဖြင့် အထူးစဉ်းစားသင့်သော ကိစ္စဖြစ်သည်။

DVB သတင်းဌာနနှင့် မြန်မာ့အရေးလေ့လာသူ ဦးအောင်နိုင်ဦး၊ အမျိုးသားရေး ဦးဝင်းနိုင်၊ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးတို့ ပါဝင်ဆွေးနွေးထားသည်။

ဦးအောင်နိုင်ဦး ။ ။ အမျိုးသားညီလာခံက အဖြေလားဆိုတော့

ကျွန်တော်တို့တိုင်းပြည်အတွက် အဖြေတော့ မဟုတ်ဘူး။ ဒီအမျိုးသား ညီလာခံက ထွက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ကောင်းတဲ့ အချက်တချို့ ပါနေပေမယ့်လည်း ရှေ့ဆက်ပြီး သွားရမယ်ဆိုလို့ရှိရင် ဒီ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ ပြဿနာတွေဖြစ်နိုင်တယ်။ ဒီပြဿနာကို ရှောင်ရှားနိုင်ဖို့အတွက် စစ် အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပြုပြင်ပြောင်းလဲခြင်း ဆိုင်ရာ အချက်တွေမှာ ထွက်ပေါက်တစ်ခုခု ဖြစ်နိုင်တယ်။ ဒါပေမဲ့ စစ်အစိုးရက တိုင်းပြည်အပေါ်မှာ လိုအပ်တဲ့အချက်တွေကို သေသေချာချာ ပြောထား တာ မရှိလေတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဟာ ထွက်ပေါက်တစ်ခုဖြစ် ပါ့မလားဆိုတာတော့ ခုအချိန်မှာ သံသယရှိစရာအများကြီးပါပဲခင်ဗျာ။

ဦးဝင်းနိုင် ။ ။ ဟိုဘက်ကို ကျွန်တော်က ပိုပြီးတော့ မြင်တယ်လို့ ပြောရမှာပဲဗျာ။ စစ်တပ်ကလည်း ဒီမိုကရေစီလမ်းကြောင်းပေါ်ကို တင် ပေးမယ့် အလုပ်ကို မလုပ်ဘူး။ တစ်ဖက်ကလည်း တင်ပေး အောင်လုပ် နိုင်တဲ့ အရည်အသွေးလည်းမရှိတော့ဘူး။ အားအင်လည်းမရှိတော့ဘူး။ နိုင်ငံရေးပါတီ တွေကလည်း စည်းလုံးမှုနည်းနေတယ်။ နိုင်ငံရေး လမ်းစဉ်သစ်ကလေးတွေ မချနိုင်ဘူး။ လာမယ့် နှစ်မှာ (၂၀၀၇) မှာ ဒီမို ကရေစီဖြစ်ထွန်းလာဖို့ တိုးတက်ရေးမှာ များများစားစား ဖြစ်လာလိမ့် မယ် လို့ ကျွန်တော် မမျှော်လင့်ပါဘူး။

အောင်နိုင်ဦး ။ ။ ကျွန်တော်လည်း မမြင်ဘူး။ ကျွန်တော်တို့နိုင်ငံမှာ ယုံကြည်မှုက အတော့်ကို နည်းနေတယ်၊ စစ်အစိုးရကလည်း အမျိုးသား ညီလာခံကို ၁၃ နှစ်ကျော် အချိန်ဆွဲလာတဲ့ အကြောင်းက တိုင်းပြည်မှာ မအေးချမ်းဘူး အယူအဆမျိုးရှိနေသလို တိုင်းရင်းသားတွေဘက်က လည်း စစ်အစိုးရလုပ်ပြနေတာ ယုံကြည်စရာတစ်ခုမှ မရှိဘူး။ ကချင် ဒေသမှာ စစ်ဆင်ရေးနဲ့ စစ်ရေးလေ့ကျင့်မှုပြုလုပ်တာ မွန်ပြည်သစ်ပါတီ

က ကြေညာချက်ထုတ်တာတွေ ဒါမျိုးတွေဟာ တိုင်းရင်းသားတွေဘက်က လုံးဝယုံကြည်မှုမရှိဘူးဆိုတာတွေ ပြနေတယ်ခင်ဗျာ။

ကိုကိုကြီး ။ ။ ကျွန်တော် နားလည်နေတာက အသိတရားနဲ့ မောင်းနှင်နေတာ။ ဘယ်ဟာဖြင့် လုပ်သင့်တယ်။ ဘယ်ဟာဖြင့် မလုပ်သင့်ဘူး။ ဒီဥပဒေဟာ သင့်တယ်။ မသင့်ဘူး။ လူထုပါဝင်မှု အခန်း ကဏ္ဍက မြင့်တယ်။ အသိတရားနဲ့ မောင်းနှင်တဲ့ လူ့အဖွဲ့အစည်းပေါ့လေ။ အဲလိုမဟုတ်ဘဲနဲ့ လူ့အဖွဲ့အစည်းက ဒါလုပ်၊ ဒါမလုပ်နဲ့ ဆိုတဲ့ဟာ၊ အကြောက်တရားနဲ့ မောင်းနှင်နေတယ်ဆိုရင် ဒီလူ့ အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုတန်ဖိုးဟာ နိမ့်ကျနေတာပဲလို့ ကျွန်တော်ကတော့ ဒီလိုပဲ သတ်မှတ်မှာပဲ။ ဘာသွားတွေ့ရလဲဆိုတော့ အထက်အဆင့်ဆိုရင် ကြောက်ကိုကြောက်ရမယ်။ ဘာမှကို ပြန်ပြောစရာမလိုဘူး။ ခိုင်းရင် လုပ်လိုက်တော့။ ဒါက အသားကျနေပြီ၊ ခေါက်ရိုးကျိုးနေပြီ။ ကျွန်တော် မြင်ရတာက ကားပေါ်မှာ စပယ်ယာက နင်ပဲ/ငဆ ပြောတာတောင်မှ ဟာ ... ပြောမနေပါနဲ့ မထူးပါဘူးဆိုပြီး၊ အဲလောက်ကို ကြောက်သွားတာ။ ကျွန်တော် တော်တော်စိုးရိမ်တယ်။ ဒါကြောင့် ကျွန်တော်တို့ပြောနေသလို ကျန်တဲ့လူတွေလည်း ပြောရဲဆိုရဲဖြစ်ဖို့ ကျွန်တော်လည်း မျှော်လင့်တယ်။

သုံးသပ်ချက် (၂)

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့ပတ်သက်ပြီး အားနည်းချက်၊ လိုအပ်ချက်တွေကို ပြောင်းလဲဖို့ နေနေသာသာ ၅/၉၆ အမိန့်နဲ့ ထောင်ဒဏ် ၅ နှစ်ကနေ အနှစ် ၂၀ အထိ ချမှတ်နိုင်တဲ့ ညီလာခံဆိုင်ရာ ဥပဒေ ၁၉၇၅ ခုနှစ် ပုဒ်မ ၁၀ ၅/ည နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးသူများအန္တရာယ်မှ ကာကွယ်သည့်ဥပဒေ၊ ဒါတွေဟာ အုပ်ချုပ်သူ

အာဏာရှင်တွေ လုပ်ချင်ရာလုပ်ပြီး အမှန်ကို ဖော်ထုတ်သူတွေကို လှုပ်မရအောင် တုတ်နှောင်ဒုက္ခပေးခဲ့ကြတယ် မဟုတ်လား။ အမျိုးသားညီလာခံဆွေးနွေးချက်တွေကို ရုပ်မြင်သံကြားနဲ့ ရေဒီယိုကနေတိုက်ရိုက်ထုတ်လွှင့်ပေးဖို့ သတ္တိ ရှိရပါမယ်။ ယောက်ျား ရင့်မာကြီးတွေ၊ စစ်သားရင့်မာကြီးတွေ ရန်ကုန်မှာရှိတဲ့ ပြည်သူ့လွှတ်တော်အဆောက်အအုံထဲမှာ ဂုဏ်သိက္ခာရှိရှိ မကျင်းပဘဲ ညောင်နှစ်ပင်မှာ ဘာကြောင့်ကျင်းပတာလဲ။ ခိုးချောင်ခိုးဝှက် လုပ်ချင်တဲ့စိတ်က ဖျောက်လို့မှမရတာ။ ပြည်ထောင်စုမပြိုကွဲရေးဆိုတဲ့မူကို ချမှတ်ထားတဲ့အတွက်တိုင်းရင်းသားတန်းတူရေးတွေ တောင်းဆိုစွပ်စွဲချက်နဲ့ ပြည်ထောင်စုပြိုကွဲမှာကို ထိန်းသိမ်းတယ်ဆိုပြီး စစ်တပ်က ထပ်ခါထပ်ခါ အာဏာသိမ်းမယ့်ကိစ္စတွေကို ဥပဒေနဲ့အညီ တရားဝင်လုပ်ပေးထားသလို ဖြစ်နေပါတယ်။ စစ်ဗိုလ်ချုပ်ကြီးက သမ္မတအဖြစ် အုပ်ချုပ်သွားမယ်။ ပြည်ထောင်စုလွှတ်တော်ထဲမှာ လေးပုံတစ်ပုံ စစ်တပ်က နေရာယူထားတယ်။ ပြည်နယ်လွှတ်တော်နဲ့ ပြည်နယ်အစိုးရတွေမှာလည်း စစ်ဗိုလ်တွေ နေရာဝင်ယူထားတယ်။ ဆိုတော့ ပြည်ထောင်စုမပြို ကွဲသွားအောင်ဖြစ်တဲ့နည်းနဲ့ ဓားမိုး၊ သေနတ်မိုးပြီး ငါတို့ စစ်ဗိုလ်ကြီးများသာတိုင်းပြည်အုပ်ချုပ် မင်းလုပ်နေမယ်ဆိုတဲ့ သဘောဖြစ်နေပါတယ်။

အင်တာဗျူး (၃)

BBC ကိုသိန်းမြတ်နှင့် ဦးကျော်ဇံသာ

ကိုသိန်းမြတ် ။ ။ ဦးကျော် ပြောတဲ့အထဲမှာ တပ်မတော်ရဲ့ ဦးဆောင်မှုနဲ့ ပြည်သူ့စစ်မဟာဗျူဟာ ဖော်ဆောင်ရမယ်ဆိုတဲ့ အချက်ပါပါတယ်။ အဲဒီတော့ အရွယ်ရောက်သူတိုင်း စစ်ထဲဝင်ရမယ်ဆိုတဲ့ သဘောဖြစ်နေ

တယ်။

ဦးကျော်ဇံသာ ။ ။ တချို့နိုင်ငံတွေမှာလို အရွယ်ရောက်ပြီးသူတိုင်း စစ်မှုမထမ်းမနေရဆိုတာလို့ တော့ မထင်ဘူး ကိုသိန်းမြတ်။ ပြည်သူ့စစ် မဟာဗျူဟာကို စစ်တပ်က ဦးဆောင်ပြီး ရေးဆွဲမယ်ဆိုတာဟာ စစ်ဆင်ရေးမှာ ပြည်သူတွေကို လိုအပ်သလို ခေါ်ယူတာဝန်ပေးမယ်လို့ပဲ ထင်ပါတယ်။ နိုင်ငံသားတိုင်းရဲ့ တာဝန်အပိုင်းမှာလည်း တို့တာဝန် အရေးသုံးပါးကို စောင့်ထိန်းရမယ်။ ဥပဒေ ပြဋ္ဌာန်းချက်နဲ့အညီ စစ်ပညာသင်ကြားရန်နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်း ဆောင်ရန် တာဝန်ရှိသည်လို့ ဆိုထားပါတယ်။ ဒါမျိုးကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေတိုင်းမှာလို ဖော်ပြစမြဲ ဖြစ်ပါတယ်။ သို့သော်လည်း စစ်မှု မထမ်းမနေရ ဥပဒေ သီးခြားပြဋ္ဌာန်းလာရင်တော့ အခြေအနေ တစ်မျိုး ဖြစ်လာပါလိမ့်မယ်။

ကိုသိန်းမြတ် ။ ။ စစ်တပ်ကိုယ်စားလှယ်အများစုနဲ့ ဖွဲ့စည်းမယ့် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေး ကောင်စီဟာ အစိုးရအဖွဲ့နဲ့ လွှတ်တော်ထက်ကိုပိုပြီး အာဏာရှိနေတာက အဓိက ပြဿနာကြီး ဖြစ်ကြောင်း၊ ညီလာခံတက်ရောက်ဖူးသူ ကိုယ်စားလှယ်များက ပြောပါ တယ်။

ဦးခွန်းမာကိုဘန်း (မိုင်းပျဉ်းမြို့နယ်ကိုယ်စားလှယ်) ဦးဒယ်နီရယ် အောင်၊ ကချင်လွတ်လပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတူးဂျာနှင့် RFA သတင်းဌာနတို့ ဆက်သွယ်မေးမြန်းချက် ။

ဦးခွန်းမားကိုဘန်း ။ ။ တိုင်းပြည်ရဲ့ မူလအာဏာက လူထုဖြစ်တယ်။ ဒါကြောင့် ပြည်သူလူထုပေးတဲ့ အာဏာဟာ တရားဝင်ဖြစ်တယ်။ ဒါ

ကြောင့် ၁၉၉ဝ မှာ အနိုင်ရတဲ့ NLD တို့ UNLD အမတ်အားလုံး ပေါ့လေ။ အဲဒီလူတွေ ရေးဆွဲရမှာဖြစ်ပါတယ်။ စစ်တပ်အနေနဲ့ ၂၅ ရာခိုင်နှုန်း ထက် ပိုဆိုးနေတာက အခြေခံ ၁ဝ၄ ချက်မှာဆိုရင် သမ္မတဟာ စစ်ရေး ကျွမ်းကျင်သူဖြစ်ရမယ်။ စစ်ဦးစီးချုပ် ပေးပို့သူသာ ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီး ဖြစ်ရမယ်။ ပြည်ထောင်စုနယ်စပ်ရေးရာဝန်ကြီး ဖြစ်ရမယ်။ နောက်ပြီး ပြည်နယ်/တိုင်း ကိုယ်ပိုင်အုပ်ချုပ် ဒေသများမှာ လည်း စစ်ဦးစီးချုပ်ပေးတဲ့ ကိုယ်စားလှယ်သာ နယ်စပ်ရေးရာဝန်ကြီး ဖြစ်ရမယ်လို့ပါရှိတယ်။ ဒါကိုပြန်ကြည့်မယ်ဆိုရင် တိုင်းပြည်ရဲ့အာဏာ အားလုံးကို စစ်တပ်က ချုပ်ကိုင်တယ်ဆိုတဲ့ အချက်ဟာ ခုနက ၂၅ ရာခိုင်နှုန်းထက် ပိုဆိုးပါတယ်။ နောက်ပြီး ဒီအချက်ထက် ပိုဆိုးတာရှိပါ သေးတယ်။ အဲဒီအချက်က ဘာလဲဆိုတော့ ပြည်ထောင်စုတစ်ခုလုံးမှာ ရော ပြည်နယ်/တိုင်းတစ်ခုချင်းအလိုက်ရော၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသအလိုက်ရော အဲဒီမှာ ပြည်သူလူထု အိုးအိမ်စည်းစိမ် ထိခိုက်မယ့် အခြေအနေရှိမယ်ဆိုရင် စစ်တပ်က အချိန်မရွေး အာဏာသိမ်းပိုင်ခွင့်ရှိ တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ နောက်အဆိုး ဆုံးတစ်ချက်ရှိပါတယ်။ တိုင်းပြည်ရဲ့အကျိုးအတွက်တဲ့ တပ်မတော်ဟာ ပြည်သူလူထုရဲ့အင်အား ကို အသုံးပြုနိုင်တယ်ဆိုတဲ့ အချက်ဟာ အင်မတန်ယဉ်ကျေးသိမ်မွေ့ တယ်။ ဒါကိုသေသေချာချာ ပြန်ပြီး သုံးသပ်လိုက်မယ်ဆိုရင်တော့ ကမ္ဘာ့ နိုင်ငံတကာက ဝင်ပြောလို့မရတော့ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဖွဲ့စည်းပုံနဲ့ အကာအကွယ်ယူထားပြီး ဖြစ်ပါတယ်။

ဦးဒယ်နီရယ်အောင် ။ ။ ၂၅ ရာခိုင်နှုန်းနဲ့ပတ်သက်ရင် ဒီမိုကရေစီမ ကျတာကို ပြောတာပါ။ ဒီထက် အရေးကြီးတာက တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က သမ္မတထက်တောင် အာဏာရှိတယ်ဆို တော့ ဒီဟာက အသင်းအဖွဲ့လိုပြန်ဖြစ်သွားတာပေါ့နော်။ အရေးကြီး

တာက ကာကွယ်ရေးဦးစီးချုပ် က သူ့ဘာသာသူ လုပ်ပိုင်ခွင့်ရှိတယ်ဆို တဲ့ အချက်။ အဲဒါဟာ ကာကွယ်ရေးဦးစီးချုပ်ကို အာဏာ အပြည့်အဝ ပေးထားတယ်ဆိုတာက ပိုပြီးမဖြစ်သင့်ဘူးလို့ ယူဆပါတယ်။

မေး ။။ နအဖ ရဲ့ အခြေခံမူ (၁၀၄) ချက်အရ အမျိုးသား ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီတစ်ရပ်ကို ဖွဲ့စည်းထားရှိရေး ပါဝင် ပါတယ်။ ဒီကောင်စီကို အဖွဲ့ဝင် ၁၁ ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပြီးတော့ သမ္မတ၊ ဒုသမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး စသူတို့ပါဝင်ပါတယ်။ ကောင်စီဝင် ၁၁ ဦးအနက် ခြောက်ဦးဟာ စစ်တပ်က ဖြစ်ပါတယ်။ ဒီ ကောင်စီဟာ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးကစလို့ ကာကွယ်ရေးဦးစီးချုပ်ခန့်ထားရေးအထိ နိုင်ငံတော်သမ္မတကို အကြံပေးထောက်ခံချက်ပြုရမယ်လို့ လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထား ပါတယ်။ ဒါကြောင့် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဟာ နိုင်ငံတော်အစိုးရအဖွဲ့နဲ့ လွှတ်တော်ရဲ့ အထက်မှာရှိနေတဲ့ အာဏာပိုင်အဖွဲ့အစည်းလို ဖြစ်နေပါသလားလို့ လက်ရှိ ညီလာခံ တက်နေတဲ့ KIO ကချင်လွတ်လပ်ရေးအဖွဲ့က ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တူးဂျားကို မေး တော့ သူက အခုလို ပြောပါတယ်။

ဒေါက်တာတူဂျား ။။ အမျိုးသားလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက် တွေကတော့ ဒါလွှတ်တော်မှာ ပြန်တွေ့ဆုံရေးရမှာပါ။ အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်ကို ခေါ်ယူကျင်းပရမယ်။ တကယ်လို့ အရေး ပေါ်ဖြစ်ပေါ်လာတဲ့ဟာကို အမျိုးသား လုံခြုံရေးကောင်စီကနေပြီးတော့ မှ ပြုစုစောင့်ရှောက် လုပ်ဆောင်သွားမယ် ဆိုသည့်တိုင်အောင် သူတို့ လုပ်ဆောင်တဲ့ဟာတွေကို အရေးပေါ် လွှတ်တော်ခေါ်ပြီးမှ အတည်ပြု ချက်ယူရမယ်။

မေး ။ ။ လွှတ်တော်ရဲ့ အတည်ပြုချက်ယူရမယ်ဆိုတဲ့ဟာ ကျွန်တော်တို့ အခြေခံမူထဲမှာပါတာ မတွေ့ရပါဘူး။ အဲဒါဟာ မရှိမဖြစ်လိုအပ်ချက်လား။ ယေဘုယျသဘော သတ်မှတ်ထားတာလား ဆရာရဲ့။

ဒေါက်တာတူးဂျာ ။ ။ ဒါကတော့ မရှိမဖြစ်လိုအပ်ချက်ပါ။ လွှတ်တော်နဲ့ အမျိုးသားလုံခြုံရေးကောင်စီနဲ့ ဆက်ဆံမှုရှိပါတယ်။

မေး ။ ။ အဲဒါကို အခြေခံမူထဲမှာ ပြဋ္ဌာန်းထားတာမျိုး ရှိပါသလား ခင်ဗျာ ။

ဒေါက်တာတူးဂျာ ။ ။ ညီလာခံ အကြံပြုချက်ထဲမှာ ပါတာပဲ။

RFA ပြော ။ ။ ဒါပေမဲ့ အောက်တိုဘာလ ၂၉ ရက်နေ့ထုတ် နအဖ သတင်းစာမှာ အခြေခံမူ(၁၀၄) ချက်ထဲက နံပါတ်(၅)အချက်မှာတော့ တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ပြည်သူတစ်ရပ် လုံးပါဝင်အောင် စီမံဆောင်ရွက်ခွင့်ရှိပါတယ်။ တပ်မတော်ရဲ့ ဦးဆောင်မှုနဲ့ ပြည်သူ့စစ်မဟာဗျူ ဟာကို ဖော်ဆောင်ရမယ်လို့ ပါရှိပါတယ်။ နံပါတ်(၉) အချက်မှာလည်း “ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်” လို့ပါရှိပါတယ်။ ဒါကိုကြည့်ရင် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ အကြံပြုချက် အဆိုပြုထောက်ခံချက် သဘောတူ ချက်တွေအတွက် လွှတ်တော်ကို တင်ပြစရာမလိုဘူးဆိုတာဟာ ထင်ရှားနေပါတယ်။

သုံးသပ်ချက် (၃)

လွှတ်တော်မှာ စစ်ဗိုလ်တွေတက်ရောက်ပြီး ဥပဒေပြဋ္ဌာန်းသည့်စနစ်

ယနေ့ကမ္ဘာမှာ မည်သည့်နိုင်ငံမှာမှ ကျင့်သုံးခြင်းမရှိပါ။ ယခုအတည်ပြု လာမယ့်ဥပဒေကို နောင် ၁၀ နှစ်ကြာမှ ပြောင်းလဲခွင့်ပြုထားတာ။ လွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းထောက်ခံမှုရမှ ပြင်ခွင့်ပြု ထား တာတွေဟာ အာဏာရှင်စနစ်တည်မြဲအားကောင်းအောင် လုပ် ထားသလို ဖြစ်နေတာကြောင့် ပြည်တွင်း စစ်ပိုပြီး ဆိုးရွားလာနိုင်ပါ တယ်။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှု၊ ဘာသာပေါင်းစုံရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်တာကြောင့် အနာဂတ် မြန်မာနိုင်ငံအတွက် အခြေခံဥပဒေ ရွေးချယ်ရာမှာ ၁၉၄၇ အခြေခံ ဥပဒေအားနည်းချက်၊ အားသာချက်နဲ့ တိုင်းပြည်ကြုံတွေ့ခဲ့ရတဲ့ ပြဿနာ အရင်းခံများကို ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ ၁၉၄၇ ခု၊ အခြေခံဥပဒေဟာ လူတစ်ဦး ချင်းစီရဲ့ အခွင့်အရေးကို ကြီးကြီးမားမား ကာကွယ်စောင့်ရှောက်ပေးခဲ့သော်လည်း တိုင်းရင်းသား လူမျိုးစုများ အတွက် တန်းတူအခွင့်အရေးကို အာမခံချက် အလွန်နည်းပါးခဲ့ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းက တိုင်းခုနှစ်တိုင်း၊ ပြည်နယ်ခုနှစ်ခု ဖန်တီးပြီး တစ်ပါတီ ဗဟိုတင်းကျပ်မှု အောက်မှာ တိုင်းရင်းသားလူမျိုးစု များရဲ့ တန်းတူညီမျှမှုကို လုံးဝငြင်းပယ်ခံခဲ့ကြရတယ်။ ယခု နအဖ လည်း အလားတူ တိုင်းခုနှစ်တိုင်း ပြည်နယ်ခုနှစ်ခု ဆက်လက် ဖော်ထုတ်လျက်ရှိပါတယ်။ မြန်မာ့သမိုင်းတွင် လွတ်လပ်ရေးတိုက်ပွဲဝင် ခဲ့သူများအဖြစ် အသိအမှတ်ပြုခံခဲ့ရသော ရဲဘော်သုံး ကျိပ်သည်ပင်လျှင် ၁၉၄၇ ခုနှစ် အခြေခံဥပဒေရေးဆွဲရာ၌လည်းကောင်း၊ ထိုဥပဒေကို ရေးဆွဲခဲ့သည့် တိုင်းပြုပြည်ပြု လွှတ်တော်တွင်လည်းကောင်း၊ အထူး ကဏ္ဍရဖို့ မတောင်းဆိုခဲ့ကြချေ။ ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် စစ်တပ် အကြီးအကဲဖြစ်နေခဲ့စဉ်က ပထမဆုံး အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပါလီမန်လွှတ်တော်တွင် စစ်တပ်အတွက် နေရာခွဲတမ်းပေးဖို့ မတောင်း

ဆိုခဲ့ချေ။ ၁၉၅၈ ခုနှစ်တွင် ဝန်ကြီးချုပ် ဦးနု၏ အာဏာရပါတီ ဒေါက်လိုက် ကွဲအက်သွားသည့်အခါ ၎င်းက ဗိုလ်ချုပ်ကြီးနေဝင်းအား အိမ်စောင့်အစိုးရဖွဲ့ရန် ပန်ကြားခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းက စစ်တပ်မှ မဟုတ်သော ပါတီနောက်ခံမရှိသည့် ထူးချွန်ထင်ရှားသော အရပ်သားများဖြင့် အစိုးရဖွဲ့ခဲ့သည်။ စစ်တပ်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုကိုယူခြင်းသည် မြန်မာနိုင်ငံ၏ အကောင်းဆုံးအစဉ်အလာ များနှင့်လည်းကောင်း၊ မြန်မာ့သမိုင်းနှင့်လည်းကောင်း ဆန့်ကျင်သည်။ နိုင်ငံတကာတွင် ကျင့်သုံး နေသော ဒီမိုကရေစီစနစ်နှင့်လည်း ကိုက်ညီခြင်းမရှိပါ။

အင်တာဗျူး (၄)

ရေဒီယိုဖရီးအေးရှား RFA သတင်းဌာနနှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီ ဦးအောင်ထူး ဆက်သွယ်မေးမြန်းချက်။

ဦးမင်းဇင် ။ ။ စစ်တပ်အခြေခံကြီးစိုးရေး အခြေခံမူတွေဟာ တိုင်းပြည်ရဲ့အသွင်ကူးပြောင်းရေးကို အထောက်အကူပြုနိုင်ရဲ့လား။

ဦးဝင်းနိုင်ဦး ။ ။ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်မတော်အခန်းကဏ္ဍအတွက် အခြေခံရမယ့် အချက်တွေဆိုပြီးတော့ (၁၄)ချက်ချတယ်။ ဒီအထဲမှာ အဓိကကျတဲ့အချက်လို့ ပြောရမှာလား။ ဒါမှမဟုတ် အငြင်းပွားစရာအချက်တွေလို့ ပြောရမှာလားမသိဘူး။ အချက်တချို့ပါတယ်။ ပထမ(၁)အချက်က တပ်မတော်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ဖို့ အဓိက တာဝန်ရှိတယ်လို့ ပြောထားတယ်။ ကိုအောင်ထူးအနေနဲ့ ဘယ်လိုမြင်သလဲခင်ဗျ။

ဦးအောင်ထူး ။ ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ တပ်မတော်တွေအားလုံးကို ရော ဒီမိုကရေစီနိုင်ငံတွေမှာရှိတဲ့ တပ်မတော်တွေကိုရော တစ်ပါတီနဲ့ ကွန်မြူနစ်နိုင်ငံများမှာပင်လျှင် တပ်မတော်ရဲ့ အဓိက တာဝန်က ဘာ လဲဆိုရင် နှစ်ချက်ပါရှိပါတယ်။ ၁ ချက်က တိုင်းပြည်ကို ပြည်ပ အန္တရာယ်က ကာကွယ်ရေးဖြစ်တယ်။ (၂)အချက်က ပြည်တွင်းမှာ သဘာဝအန္တရာယ်တွေ ကျရောက်လာလို့ရှိရင် သက်ဆိုင်ရာအစိုးရက တာဝန်ပေးအပ်လို့ရှိရင် ဝင်ရောက်ကူညီဆောင်ရွက်ပေးရခြင်းဖြစ် တယ်။ ဒါကိုကြည့်ခြင်းအားဖြင့် တပ်မတော်ရဲ့တာဝန်ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့် ရှောက်တာနဲ့ ဘာမှမဆိုင်ဘူးဆိုတာ ရှင်းနေတယ်။ မြန်မာပြည်ရဲ့ လက်တွေ့သမိုင်းကြောင်းကို ပြန်ကြည့် မယ်ဆိုရင် တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့တာ ပဲရှိတယ်။ ကာကွယ်စောင့်ရှောက်ခဲ့တာ မရှိဘူး။ အတိအကျပြောရမယ် ဆိုရင် ၁၉၅၈ ခုနှစ်မှာ ကျင်းပခဲ့တဲ့ တပ်မတော်ညီလာခံကနေ ဘာ ချမှတ် လိုက်သလဲဆိုတော့ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက် ပေးပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်လို့ အတိအလင်း ကနေ့အထိစာနဲ့ မှတ်တမ်းတင်ထားခဲ့တာ ရှိပါတယ်။ အဲလောက်အထိ မှတ်တမ်းတင် ထားခဲ့ တာတောင်မှ ၁၉၄၇ ဖွဲ့စည်းပုံကို ၁၉၆၂ ခုနှစ်ရောက်တဲ့အခါ စက္ကူစုတ်တစ်ခုလို ဆွဲဖြဲပစ်လိုက်တယ်။ နောက်တစ်ခါ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို ဖျက်သိမ်းခဲ့တာလည်း တပ်မတော်ပဲဖြစ်တယ်။ ဒါ ဖြင့်ရင် ဘာကြောင့် ဒီမူကို ထည့်ဖို့ကြိုးစားလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို တရားဝင်ဖျက်ခွင့်ရအောင် ကာကွယ်စောင့်ရှောက်မယ်ဆိုတဲ့ နာမည်သုံးပြီးတော့မှ မူချမှတ်ဖို့ ကြိုးစားတာပဲလို့ သုံးသပ်လို့ရပါတယ်။

ဦးဝင်းနိုင်ဦး ။ ။ ဒီမှာတစ်ချက်က ဘာသွားတွေ့လဲဆိုတော့ နိုင်ငံတော်အတွင်းမှာရှိတဲ့ လက်နက်ကိုင် အဖွဲ့အစည်း အားလုံးဟာ

တပ်မတော်ရဲ့ ကွပ်ကဲမှုအောက်မှာရှိရမယ်။ ပြီးတော့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဟာ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အကြီးအကဲဖြစ်တယ်ဆိုတဲ့ အချက်ပါတယ်။ ဒီအချက်မှာ ဘယ်လိုများ အကျိုးသက်ရောက်မှုရှိပါသလဲ။

ဦးအောင်ထူး ။ ။ အင်မတန်မှ အန္တရာယ်ကြီးတဲ့အချက်ဖြစ်တယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ တပ်မတော်နဲ့ အခြားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ခွဲထားတာဖြစ်ပါတယ်။ ဘာကြောင့်ခွဲထားရလဲဆိုတော့ ပုံမှန်အမြဲတမ်းရှိနေတဲ့ Regular Army ခေါ်တဲ့ လက်နက်ကိုင်တပ်ဖွဲ့နဲ့ အပြန်အလှန် ကြပ်မတ်ထိန်းကျောင်း ထားတာရှိတယ်။ ဒီအမျိုးသား ထောက်လှမ်းရေးတွေဟာ တပ်မတော်ကို တာဝန်မခံတော့ဘူး။ တက်လာတဲ့ အစိုးရအဖွဲ့ကို တာဝန်ခံရတယ်။ တက်လာတဲ့အရပ်သား အစိုးရကို သစ္စာရှိရမယ်။ အစီရင်ခံစာတင်ပြရမှာ က အစိုးရအဖွဲ့ဖြစ်တယ်။ တပ်မတော်အကြီးအကဲ မဟုတ်ဘူး။ ပြည်သူ့ရဲတပ်ဖွဲ့ကိုလည်းပဲ တပ်မတော်နဲ့ရော အခြားတပ်ဖွဲ့ဝင်များနဲ့ပါ ခွဲထားရမှာဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဟာ သမာသမတ်ကျစွာ အလယ်ကောင်မှာ ရပ်တည်နေရမယ်။ နိုင်ငံအတွင်းမှာရှိတဲ့ ဘယ်သူမဆို ဝန်ကြီးဖြစ်ရင် ဖြစ်မယ်။ ဘယ်သူပဲ ကျူးလွန် ကျူးလွန် ရဲတပ်ဖွဲ့ဟာ ကျူးလွန်တဲ့ ပုဂ္ဂိုလ်ကို ဖမ်းဆီးရဲရမယ်။ တရားစွဲရမယ်။ တရားရုံးတင်ပို့ရဲရမယ်။ အဲလိုဖြစ်နိုင်ဖို့ဆိုရင် ရဲတပ်ဖွဲ့နဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ဟာ တပ်မတော်အောက်မှာ သွားရှိလို့မရဘူး။ တပ်မတော်အောက်မှာ ရှိနေခြင်းအားဖြင့် စစ်ခေါင်းဆောင်တွေ ပြစ်မှုကျူးလွန်တာမှန်သမျှကို လုံးဝအရေးယူခွင့်မရှိတော့ဘဲနဲ့ ပြည်ဖုံးကားချ၊ လွတ်ငြိမ်းချမ်းသာခွင့် တစ်သက်လုံးပေးရတော့ မယ်လို့ ပြောနေတာနဲ့ အတူတူပဲလို့ ပြောချင်တယ်။ အင်မတန်အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။

ဦးဝင်းနိုင်ဦး ။ ။ နောက်တစ်ချက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ အဆင့်အတန်းပေ့ါလေ။ ကာကွယ်ရေးဦးစီးချုပ်ရဲ့အဆင့်ဟာ နိုင်ငံတော်ဒုသမ္မတရဲ့အဆင့်အဖြစ် သတ်မှတ်တာပေ့ါနော်။ ဒီအချက်တွေပေါ်မှာရော ကိုအောင်ထူးတို့ ဘယ်လိုမြင်သလဲ။

ဦးအောင်ထူး ။ ။ ဒီမိုကရေစီနိုင်ငံတွေမှာ ကာကွယ်ရေးဝန်ကြီး အရပ်သားရဲ့ ဦးဆောင်မှုအောက်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှိရမယ်။ ဒါကတစ်ကမ္ဘာလုံးမှာ ကျင့်သုံးနေတဲ့မူဖြစ်တယ်။ အာဏာရှင်ဆန်ဆန်သွားတဲ့ ကွန်မြူနစ်ပါတီမှာသည်ပင်လျှင် ကာကွယ်ရေးဝန်ကြီးတွေဟာ အရပ်သားတွေဖြစ်တယ်။ အခု ကာကွယ်ရေးဝန်ကြီးချုပ်ကို ဒုသမ္မတနဲ့ တစ်တန်းတည်းထားလိုက်တဲ့ အတွက် ဘာဖြစ်သွားလဲဆိုတော့ ကာကွယ်ရေးဦးစီးချုပ်က ကာကွယ်ရေးဝန်ကြီးဟာ ကာကွယ်ရေး ဦးစီးချုပ်ကို အမိန့်ပေးလို့မရတော့ဘူး ဆိုတဲ့သဘောကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ အာမခံချက်ပေးလိုက်တာပဲဖြစ်တယ်။

ဦးဝင်းနိုင်ဦး ။ ။ နောက်တစ်ချက်က တပ်မတော်ဟာ တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကိုပေ့ါလေ လွတ်လပ်စွာ စီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်လို့ အခြေခံမူက ချထားတယ်။ ဒီအခြေခံမူရဲ့ အရေးပါတဲ့အချက်က ဘာတွေဖြစ်နိုင်လဲ။

ဦးအောင်ထူး ။ ။ ဒီမိုကရေစီနိုင်ငံတွေမှာ တပ်မတော်အင်အားသတ်မှတ်တဲ့ ကိစ္စတွေ။ အင်အား တိုး/လျှော့ ကိစ္စတွေ။ တပ်မတော်ကို လေ့ကျင့်တဲ့ကိစ္စတွေ။ ရာထူးတိုး/လျှော့ ပေးတဲ့ကိစ္စတွေ။ တပ်မတော်ကို လက်နက်တပ်ဆင်တဲ့ကိစ္စတွေကို အဓိက လွှတ်တော်က ဆုံးဖြတ်

ပေးရတာဖြစ်ပါတယ်။ ဒီမူထက်ကျော်ကျင့်သုံးလို့ မရပါဘူး။ တပ်မတော်ဟာ တပ်ပိုင်းဆိုင်ရာတွေမှာ လွတ်လပ် စွာ စီမံခွင့်ရှိတယ်ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးလိုက်ရင် ဘာဖြစ်သွားမလဲဆိုတော့ တပ်မတော်ဟာ သူ့အင်အားကိုသူ ကြိုက်သလိုတိုးချဲ့သွားမယ်။ လေ့ကျင့်ချင်သလို လေ့ကျင့်သွားလိမ့်မယ်။ တိုးချဲ့သွားလိုက်မယ်။ ကြိုက်သလို တပ်မတော်သာအမိ တပ်မတော်သာအဖ ဆိုတဲ့ အတွေးအခေါ်မျိုးကအစ ရိုက်သွင်းပြီးတော့ လေ့ကျင့်ပေးနိုင်တဲ့ အနေအထားတွေ လုံးဝဖြစ်သွားမယ်။ တပ်မတော်တွင်းမှာ ရာထူးတိုးပေးတဲ့ ကိစ္စဟူသမျှက ဘယ်သူကမှ ဝင်ရောက်တွေ့ခွင့်မရှိတော့ဘဲနဲ့ စိတ်ကြိုက် တပ်မတော်အတွင်း လမ်းကြောင်းက သပ်သပ်သွားမှာဖြစ်တယ်။ တပ်မတော်ရပ်တည်ရေးဆိုတဲ့ အကြောင်းပြချက်နဲ့ အပြင်မှာ ကြိုက်တဲ့စီးပွားရေး ထွက်လုပ်နေဦးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ဘယ်သူကမှ တားခွင့်မရှိတော့ဘဲ တပ်မတော်ဟာ လွတ်လွတ်လပ်လပ် ဘဏ္ဍာငွေရှာဖွေကြီးထွားအောင် ဆက်လုပ်နိုင်တဲ့ အနေအထားကို ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးရမယ့်သဘော ဖြစ်သွားပါတယ်။

ဦးဝင်းနိုင်ဦး ။ ။ နောက်တစ်ချက်က တရားဥပဒေစီရင်ရေးနဲ့ သွားတိုက်ဆိုင်နေပါတယ်။ ဘယ်လိုလဲဆိုတော့ စစ်ဘက်တရားစီရင်ရေးမှာတဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရဲ့ အဆုံးအဖြတ်ဟာ အပြီးအပြတ်ဖြစ်တယ်ဆိုပြီး ပြောထားတယ်။ ဒီအချက်ကရော ဘယ်လိုအကျိုးဆက် တွေ ဖြစ်ပေါ်လာနိုင်လဲ။

ဦးအောင်ထူး ။ ။ အဲ နှစ်ချက်ဖြစ်နိုင်ပါတယ်။ တစ်ချက်က ဘယ်လိုလဲဆိုတော့ ကနေ့အချိန်အထိ တပ်မတော်ကနေပြီးတော့ ကျူးလွန်ကောင်း ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကို ဘာမှ အရေးယူ

ဆောင်ရွက်ခွင့်မရှိတော့ဘဲနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လက်ထဲမှာပဲ ဒီကိစ္စက ပွဲပြီးမီးသေဖြစ်သွားမယ့် အနေအထားမျိုးကို ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံပေးရမယ့်သဘော ဖြစ်တယ်။ ဒုတိယအရေးကြီးတဲ့အချက်က ဘာလဲဆိုတော့ တရားစီရင်ရေးနဲ့ ပတ်သက်လာရင် ဘယ်တိုင်းပြည်မှာမဆို အမြင့်ဆုံးတရားရုံးက Supreme Court တရားရုံးချုပ် တစ်ခုပဲရှိသင့်တယ်။ တကယ်လို့သာ ခုနပြောတဲ့မှုကို ချလိုက်မယ်ဆိုလို့ရှိရင် စစ်ဘက်တရားစီရင်ရေးမှ ကာကွယ်ရေး ဦးစီးချုပ်ရဲ့ အဆုံးအဖြတ်ဟာ အပြီးပြတ်ဖြစ်တယ်လို့ ချလိုက်ခြင်းအားဖြင့် တိုင်းပြည်ထဲမှာ တရားရုံးနှစ်ရုံး ပေါ်ပေါက်သွားနိုင်တယ်။ ဆိုလိုချင်တာက Supreme Court ခေါ်တဲ့ အမြင့်ဆုံး တရားရုံးချုပ်တစ်ခု ဖြစ်သွားမယ်။ တပ်ပိုင်းဆိုင်ရာ တရားရုံးတစ်ရုံးဖြစ်သွားမယ်။ တရားရုံးနှစ်ခုစင်ပြိုင်ဖြစ်နေတယ် ဆိုတဲ့ဟာက ကမ္ဘာမှာ ဘယ်တိုင်းပြည်မှာမှ မရှိဘူး။ တရားမျှတမှုကိုလည်း ဆန့်ကျင်တယ်။ တပ်မတော်ကိုလည်း လွတ်လွတ်လပ်လပ် ကြိုက်တဲ့ရာဇဝတ်မှုကို ကျူးလွန်၊ ကာကွယ်ရေးဦးစီးချုပ်က လွတ်စေလို့ပြောသမျှ ကာလပတ်လုံး လွတ်နေမှာဖြစ်တဲ့အတွက် တရားမျှတမှု ဆုံးရှုံးနေမယ်လို့ ကျွန်တော်တို့ သုံးသပ်လို့ရပါတယ်။

သုံးသပ်ချက် (၄)

နအဖ မှ အဆိုပြုထားသော သမ္မတစနစ်၏ ဒီမိုကရေစီမကျသော သဘာဝကို ပြုပြင်ဖို့ဆိုလျှင် သမ္မတရွေးကောက်ရေးစနစ်သည် လူတိုင်းမဲပေးခွင့်ဖြင့် တိုက်ရိုက်ရွေးကောက်ခြင်း ဖြစ်သင့်သည်။ သို့သော် ပြဿနာတစ်ခုပေါ်ပေါက်လာနိုင်ခြေတစ်ခု ရှိနေပြန်ပါသည်။ ၎င်းမှာ ဗမာတိုင်း ရင်းသားလူမျိုးစုက လူဦးရေ စုစုပေါင်း ၆၅ ရာခိုင်နှုန်း ရှိနေ

သောကြောင့်ဖြစ်သည်။ လူဦးရေအခြေခံ အရလည်း လူမျိုးစုများ၏ တန်းတူရေးနှင့် ညီညွတ်ရေးကို ထိခိုက်မှုအနည်းဆုံးဖြစ်မည့်စနစ်ကို စဉ်းစားရန်အမြဲလိုအပ်သည်။ ရှမ်းအမျိုးသားခေါင်းဆောင် နိုင်ငံရေး သိပ္ပံပညာရှင် ဒေါက်တာ စဝ်ဇန်ယောင်ဟွေက ဖက်ဒရယ်ပြည်ထောင်စု ကို ရွာကလေးတစ်ရွာနဲ့ နှိုင်းယှဉ်ပြောသွားခဲ့တာရှိပါတယ်။ အဲဒီရွာထဲ မှာ အိမ်ကြီးတွေလည်းရှိမယ်။ အိမ်အငယ်၊ အရွယ်၊ အလတ်တွေလည်း ရှိမယ်။ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ သူ့အိမ်နဲ့သူ သူ့ခြံဝင်း ကလေးနဲ့သူ လွတ်လပ်စွာ နေထိုင်ခွင့် ရှိမယ်။ ဝက်၊ နွား၊ မွေးချင်မွေး မယ်။ သီးနှံစိုက်ချင်စိုက်မယ်။ သူ့အတိုင်းအတာနဲ့သူ သူ့အသိုင်းအဝိုင်း လေးမှာ လွတ်လပ်မှုကလေးတွေ၊ ကျင့်သုံးခွင့်ရှိတဲ့ အိမ်ကြီးအိမ်ငယ် ကလေးတွေနဲ့ စုပေါင်းပြီး နေထိုင်ကြတဲ့ ရွာလိုဟာမျိုးတွေဟာ ဖက် ဒရယ်ပြည်ထောင်စုပါတဲ့၊ သူဆိုလိုတာက ကျွန်တော် တို့အိမ်၊ ကျွန်တော် တို့ခြံဝင်းလို့ အသိအမှတ်ပြုခံရမယ်ဆိုရင် ရွာလူထုရဲ့ အကျိုးစီးပွားကို မထိခိုက်စေတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမျိုးကို လွတ်လပ်စွာ လုပ်ကိုင်စွမ်း ရရှိရမှာဖြစ်ပါတယ်။ အခု နအဖ ရေးဆွဲနေတဲ့ဥပဒေက ကျွန်တော် အိမ်ခြံဝင်းထဲမှာ ဝက်ခြံကလေးတစ်လုံး ထပ်ဆောက်ခွင့်ပေး ပါ။ ရေတွင်းကလေး တစ်တွင်းလောက် တူးခွင့်ပေးပါ။ ဘူးစင်ကလေး လည်း ထိုးပါရစေဆိုပြီး ဗိုလ်ချုပ်ကြီးများဆီမှာ လက်ဝါးဖြန့်နေရမယ့်ပုံ ပါပဲ။ နအဖရဲ့ (၁၀၄)ချက်မူရဲ့ ရှုထောင့်ကကြည့်ရင် ရွာထိပ်ကသူကြီး အိမ်မှာ သူကြီးနေရာယူထားသူဟာ သူကြီးမဟုတ်တော့ဘဲ စစ်ဗိုလ် ကြီး ဖြစ်နေတာဆိုတော့ ရပ်ရေး၊ ရွာရေး၊ အုပ်ချုပ်ရေးကိစ္စတွေပေါ်လာလို့ ရွာလယ်ဇရပ်မှာ အစည်းအဝေးထိုင်ရမယ်ဆိုရင် ရွာသား ၇၅ ဦးကရှိ တိုင်း စစ်ဗိုလ် ၂၅ ဦးက ဝင်ထိုင်စွက်ဖက်ပြီး အုပ်ချုပ်သွားလိမ့်မယ်။ ပို ပြီးဆိုးတာက ပြည်နယ်နဲ့တူတဲ့ ကိုယ့်အိမ်၊ ကိုယ့်ခြံဝင်းကလေးမှာ ကိုယ့်

မိသားစုနဲ့ကိုယ် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေခွင့်ရမယ့် အစား မိသားစုသုံးဦးရှိတဲ့ အိမ်တွေမှာ စစ်ဗိုလ်တွေက တစ်ယောက်ကျစီ မိသားစုခြောက်ဦးရှိတဲ့အိမ်မှာ စစ်ဗိုလ်တွေက နှစ်ဦးကျစီ အိမ်ဦးခန်းမှာ လာတက်ထိုင်ပြီး အိမ်မှုရေးရာကိစ္စတွေကို ဝင်ရောက် စီမံကွပ်ကဲသွားတော့မယ်ဆိုတာ ထင်ရှားနေပါတယ်။

ဒီမိုကရက်တစ်မြန်မာ့အသံ DVB နှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီး ဆက်သွယ် မေးမြန်းချက် ။

DVB ။ ။ မြန်မာနိုင်ငံရဲ့ အခြေအနေကိုကြည့်ရင် နအဖ စစ်အုပ်စုဟာ အဘက်ဘက်က နိမ့်ကျနေတဲ့ တိုင်းပြည်ကို ပြန်လည်ဦးမော့လာဖို့ထက် ကိုယ့်အာဏာတည်မြဲရေးအတွက် အတိုက်အခံတွေကိုပဲ ရန်လုပ်နေတာ တွေ့ရပါတယ်။ ဘယ်သူ့အကြံပေးချက်ကိုမှလည်း နားမထောင်၊ ဘယ်နိုင်ငံမှလည်း နားချလို့မရတဲ့ နအဖ က ငါ့မြင်းငါစိုင်းနေတာဟာ နောက်ဆုံးမှာတော့ ဘယ်သူ့အတွက်မှ ကောင်းဖို့လမ်းမမြင်ပါဘူး။

ကိုကိုကြီး ။ ။ကျွန်တော်တို့ ဒီမှာ အထူးသဖြင့်ပေ့ါဗျာ။ ဝါရင့်နိုင်ငံရေးသမားကြီးတွေနဲ့ အကြံပြုချက်ဆိုတာ ဝါရင့်ဆိုတာက တော်ရုံတန်ရုံ သုံးထားတာမဟုတ်ပါဘူး။ တော်တော်ကို အတွေ့အကြုံတွေအပေါ်မှာ သင်ခန်းစာထုတ်နုတ်ထားပြီးမှ တင်ပြထားတဲ့အချက်တွေဖြစ်တယ်။ ကျွန်တော်တို့ ဆရာတော် ဦးဥတ္တမက ညွှန်ကြားခဲ့သလိုပေ့ါဗျာ။ အတိတ်ကိုအကြောင်းခံ။ ပစ္စုပ္ပန်ကို မျက်မှောက်ပြု။ အနာဂတ်ကို ရေးရှုကြဖို့ ဆိုသလို ကျွန်တော်တို့အနာဂတ်မှာ စစ်အာဏာရှင်ချုပ်ငြိမ်းပြီးတော့မှ တကယ့်လူမျိုးပေါင်းစုံ ပြည်သူလူထုတစ်ရပ်လုံး လက်ခံနိုင်တဲ့ ဒီမိုကရေစီ ပြည်ထောင်စုစနစ်ကို ရည်မှန်းပြီးတော့ အတိတ်ကအကြောင်းတွေကို အခြေပြုပြီးတော့မှ ပစ္စုပ္ပန်မှာ တွေ့ဆုံ

ဆွေးနွေး အဖြေရှာဖို့အတွက် တောင်းဆိုနေကြတာဖြစ်ပါတယ်။

ရေဒီယိုအေးရှားသတင်းဌာန RFA နှင့် ဗိုလ်မှူးကြီး ခွန်ဥက္ကာ ဆက်သွယ်မေးမြန်းချက် ။

ဦးစိန်ကျော်လှိုင် ။ ။ အသွင်ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များဆိုတဲ့အပိုင်းဖြစ်ပါတယ် ဦးတင်အောင်ခိုင်။ နအဖရဲ့ ဖွဲ့စည်းပုံကို အတည်ပြုပြီး ပထမအကြိမ် လွှတ်တော်ခေါ်ရုံနဲ့ လက်ရှိ နအဖအစိုးရက နိုင်ငံတော်အာဏာလွှဲပေးဖို့ အဆင်သင့် မဖြစ်နိုင်သေးဘူးတဲ့ဗျာ။ ပထမအကြိမ် လွှတ်တော်ကနေ သမ္မတခန့်အပ်မယ်။ အစိုးရဖွဲ့ရမယ်။ တရားသူကြီးချုပ်ခန့်ရမယ် စတဲ့ကိစ္စတွေ ပြီးစီးတဲ့အထိ လက်ရှိစစ်အစိုးရက နိုင်ငံတော်အာဏာကို ဆုပ်ကိုင်ထားသင့်တယ်လို့ အကြံပြုထားပါသတဲ့ ဦးတင်အောင်ခိုင်။

ဦးတင်အောင်ခိုင် ။ ။ ဟုတ်ပြီဗျာ၊ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လူထုဆန္ဒခံယူပွဲနဲ့ အတည်ပြုမယ့်အချိန်လည်း မသိရဘူး။ နောက်တစ်ခါ အတည်ပြုပြီးတော့ ပထမအကြိမ် လွှတ်တော် ဘယ်နှလအတွင်း ခေါ်မယ်ဆိုတာလည်း မသေချာ၊ သမ္မတခန့်တာ အစိုးရဖွဲ့တာ ဘယ်လောက်ကြာမယ်တာဆိုလည်း မရေရာဆိုတော့ နောက်ထပ် လက်ရှိအစိုးရ ဘယ်နှနှစ်လောက် ရှိနေမယ်ဆိုတာ ခန့်မှန်းရခက်နေပါလား ဦးစိန်ကျော်လှိုင်။

ဦးစိန်ကျော်လှိုင် ။ ။ ဒါကြောင့်လည်း အာဆီယံက ညီလာခံပြီးမယ့်အချိန်ဇယားကို ဖိအားပေး တောင်းခံနေတာပေါ့။ ဒါပေမဲ့ အတိုက်အခံဘက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုဖို့ အချိန်ကျရင်တော့ ကန့်ကွက်ဖို့ မြန်မာပြည်သူတွေကို စည်းရုံးသွားမယ်လို့ ဖက်

ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အဖွဲ့ဝင် ဗိုလ်မှူးကြီး ခွန်ဥက္ကာက အခုလိုပြောပါ တယ်။

ခွန်ဥက္ကာ ။ ။ နည်းလမ်း သုံးသွယ်ရှိတယ်ဗျာ၊ နံပါတ် (၁) နည်းလမ်း ကတော့ ဒီအစည်းအဝေးမှာ ပါဝင်တက်ရောက်ပြီးတော့ နောက်ဆုံး အဆုံးဖြတ်ကာလကို ရောက်သွားမယ့် အပစ်အခတ်ရပ်တဲ့ အဖွဲ့တွေ၊ အဖွဲ့ကခေါင်းဆောင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ သဘောထားနဲ့ သူတို့ရဲ့ ရပ်တည်ချက်ကို ကျွန်တော်တို့က “Check and Balance”လုပ်နေတယ်။ အဓိကမှာ ပုံစံအတိုင်း တိုင်းရင်းသား ခေါင်းဆောင်တွေ ခေါင်းဆောင်နိုင်ပဲ့မလားဆိုတာ Balance တစ်ခုရှိ တယ်ဗျ။ ဒုတိယ Balance ကတော့ အတွင်းမှာ ၁/၉၄/ No ပဲ ပေးရမယ် ဆိုတဲ့အချိန်မှာ Referendum (ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ)မှာ ပြည်သူလူထုတွေက ကြပ်ကြပ်မတ်မတ် သိပြီးတော့ မဲပေးနိုင်အောင် လုပ်လို့ မလွယ်ဘူးဆိုရင် ရွေးကောက်ပွဲ တကယ်ပဲ Referendum ဝင် လာရင် မဲမပေးဖို့ ကမ်ပိန်း ဘယ်လိုနည်းနဲ့ အကျပ်ကိုင်ကိုင်၊ ဒါက ဒုတိယ။ တတိယအချက်က အမျိုးသားညီလာခံ အဖွဲ့ပဲဖြစ်ဖြစ် Referendum ပဲဖြစ်ဖြစ် အဲဒီအပေါ်မှာ Internationally Recognition (အပြည် ပြည်ဆိုင်ရာ အသိအမှတ်ပြုမှု) မပေးကြဖို့ ကမ်ပိန်းလုပ်ဖို့ လို တယ်ခင်ဗျ။

ဦးစိန်ကျော်လှိုင် ။ ။ဆန္ဒခံယူပွဲ လုပ်တဲ့အခါမှာ လူထုကို ကန့်ကွက်မဲ ပေးအောင် ဘယ်လောက်အထိ ပြင်ဆင်မှုရှိထားတယ်ဆိုတာ ကျွန်တော်မသိရပေမယ့် စစ်အစိုးရဘက်ကတော့ Referendum (ဆန္ဒခံယူပွဲ)အောင်မြင်ဖို့အတွက်ကို ခုနေကတည်းက အောက်ခြေမှာရှိ တဲ့ ရယက အဆင့်ကိုတောင်မှ ပညာတတ်တွေနဲ့ အစားထိုးပြီးတော့ စနစ်တကျကြိုတင်ပြင်ဆင်မှုတွေ လုပ်နေတယ်လို့ ပြည်တွင်းနိုင်ငံရေး

အကဲခတ်တွေက ပြောပါတယ်။ စစ်အစိုးရဘက်ကလည်း သူ့လမ်းကြောင်း လုပ်လို့ဖြစ်အောင် လုပ်နေသလိုမျိုး အတိုက်အခံဘက်က လုပ်နေတာ ဗိုလ်မှူးကြီး ခွန်ဥက္ကာ အထောက်အထားပြနိုင်တဲ့ အခြေအနေရှိပါသလား။

ခွန်ဥက္ကာ ။ ။ နအဖ ပြင်ဆင်တာ ကျွန်တော်တို့လည်းကြားတယ်။ သိတယ်။ ကျွန်တော်တို့ ပအိုဝ့် နယ်ထဲမှာဆိုရင် အခါတိုင်းက ပအိုဝ့်သူကြီး၊ တိုက်သူကြီးဆိုလည်း ပအိုဝ့်တိုက်သူကြီး၊ ဒါတွေတောင် ဖယ်ရှားခံရပြီးတော့ နအဖရဲ့ ရဲဘော်ဟောင်း၊ စစ်မှုထမ်းဟောင်း ကြံ့ဖွံ့အဖွဲ့က လူတွေနဲ့ အစားထိုးနေတာကြားသိရတယ်။ အဲဒါကြောင့် Referendum မှာ သေချာပေါက် ထက်ဝက်ကျော်ဖြစ်အောင် သူတို့အကျပ်ကိုင်မယ့် သဘောတော့ရှိတယ်။ တကယ့်အဆုံးအဖြတ်ကာလ ရောက်လာလို့ရှိရင်တော့ အဆုံးအဖြတ်ပေးမယ့် ပြည်သူတွေဟာ ဘယ်လောက်အထိ အသိဉာဏ် ပွင့်လင်းနေသလဲဆိုတာ ပြောပြရမယ့်ကိစ္စဖြစ်တယ်။

ဦးစိန်ကျော်လှိုင် ။ ။ ဒီလူတွေကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲလုပ်တဲ့အခါမှာ ထောက်ခံမဲမပေးကြပါနဲ့ ဆိုတဲ့အချက်ကို လူထုနားလည်သွားအောင် သာမန်စကားလုံးနဲ့ ဘာကြောင့် ထောက်ခံမဲမပေးသင့်ဘူးဆိုတာ အတိုဆုံး ရှင်းရှင်းလင်းလင်း ဘယ်လိုပြောချင်ပါသလဲ။

ခွန်ဥက္ကာ ။ ။ လက်ရှိ နအဖ ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူအတွက်လည်းမဟုတ်ဘူး။ တိုင်းရင်းသားအတွက်လည်းမဟုတ်ဘူး။ ဒီမိုကရေစီအတွက်လည်း မဟုတ်ဘူး။ အချုပ်အခြာ အာဏာဟာ ပြည်သူ့ထံမှ ဆင်းသက်ရမည်ဆိုတဲ့ အခြေခံမူနဲ့ ဆန့်ကျင်ကွဲလွဲနေတဲ့အတွက် ထောက်ခံမဲပေးလိုက်ခြင်းအားဖြင့် စစ်တပ်ရဲ့ စစ်အာဏာရှင်အုပ်စိုးမှု၊

စစ်တပ်ရဲ့ကြီးစိုးမှုကို ဥပဒေ အကြောင်းအရ တရားဝင်ပေးလိုက်တာနဲ့ တူတဲ့အတွက် စစ်တပ်အုပ်ချုပ်မှုကြောင့် အကုန်လုံး ဒုက္ခရောက်နေတယ်။ ဒီအုပ်ချုပ်မှုသာ တရားဝင်ဖြစ်သွားရင် ဒီထက်ပိုပြီးတော့ ဆိုးရွားတဲ့အခြေ အနေမျိုးနဲ့ တိုင်းသူပြည်သားတွေ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ တိုင်းသူပြည်သားတွေအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ဆိုးရွားတဲ့အဖြစ်ကို တွန်းပို့သလို အုပ်စုကို တရားဝင်မလုပ်မိဖို့ ဒါကိုပဲ ထောက်ပြရမှာဖြစ်ပါတယ် ခင်ဗျ။

ဦးတင်အောင်ခိုင် ။ ။ အတိုက်အခံရဲ့အမြင်ကိုတော့ သိရပါပြီ။ ရန်ကုန် နိုင်ငံရေးသမားတွေရဲ့ အမြင်ကရော ဘယ်လိုရှိပါသလဲခင်ဗျ။ ပြောပြပါ ဦးစိန်ကျော်လှိုင်။

ဦးစိန်ကျော်လှိုင် ။ ။ ပြည်သူတွေရဲ့ အကြံပြုချက်မပါတဲ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေသာ အတည်ဖြစ်ခဲ့ရင်တော့ တိုင်းပြည်အတွက် ရင်လေးစရာဖြစ်တယ်လို့ ရန်ကုန်မြို့နေ ဝါရင့်နိုင်ငံရေးသမားကြီး အမျိုးသားရေးဦးဝင်းနိုင်က အခုလို ထောက်ပြပါတယ် ဦးတင်အောင်နိုင်။

ဦးဝင်းနိုင် ။ ။ ညီလာခံကြီးဟာလည်း လုပ်လာတာကြာလှပြီ။ နှစ်ပေါင်းဆယ်စုကို ကျော်လာကြပြီဆိုတော့ တော်တော်ကြီး နှေးကွေးတယ်။ သို့သော်လည်းပဲ ကိုက်ညီမှာမဟုတ်ဘူး။ ကျွန်တော်က ညီလာခံနဲ့ပတ်သက်ရင် နိုင်ငံတကာကို တင်ပြနေတာဟာ ဘာလဲဆိုရင် မြန်မြန်ပြီးရုံနဲ့ ကျွန်တော်တို့ တိုင်းပြည် ဒီမိုကရေစီရမှာလည်း မဟုတ်ဘူး။ တိုင်းပြည်အကျိုးရှိမှာလည်းမဟုတ်ဘူး။ မြန်လည်းမြန်ရမယ်။ မှန်လည်း မှန်ရမယ်။ မှန်တယ်ဆိုတာက ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံဖြစ်လာအောင် တကယ့်ကို အခြေချပေးတဲ့ အခြေခံဥပဒေဖြစ်ဖို့ လိုတာကိုးဗျ။ ခုဟာက ချို့ယွင်းချက်တွေ အများကြီးရှိနေတယ်။ ဒါတွေကို ကျွန်တော်တို့

ထောက်ပြခွင့်မရဘူး။ ပြင်ဆင်ခွင့်မရဘဲနဲ့ ဒါကို Constitution (ဖွဲ့စည်းပုံ)ကြီးဆိုပြီးတော့ ရေးထုတ်လိုက်ပြီးတော့ ဒါကိုအတည်ဖြစ်အောင် လုပ်ကြမယ်ဆိုရင် တိုင်းပြည်အတွက် အဆင်ပြေစရာမရှိဘူးလို့ သုံးသပ်ပါတယ်။

ဦးစိန်ကျော်လှိုင် ။ ။ လွတ်လပ်ရေးရပြီး ၁၀ နှစ် ကြာပြီးတဲ့အချိန်မှာ မပြင်ခဲ့လို့ ပျက်ခဲ့တယ်လို့ အမျိုးသားညီလာခံက ထောက်ပြပါတယ်။ ဒါကြောင့် ညောင်နှစ်ပင်ညီလာခံက ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုလည်း ၁၀ နှစ်ကြာမှ ပြုပြင်သင့်တယ်လို့ အကြံပြုထားပါတယ်။ ဒါပေမဲ့ ပြုပြင်တဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ် သုံးပုံ နှစ်ပုံ သဘောတူမှ ပြုပြင်နိုင်တယ်ဆိုတဲ့အတွက် စစ်တပ်က ခေါင်းခေါက်ရွေးထားတဲ့ အမတ်တွေ သဘောမတူဘဲနဲ့ ဆယ်နှစ်ကြာလည်းပဲ စစ်တပ်က အာဏာသိမ်းဖို့ရှိတယ်ဆိုတဲ့ ဒီဖွဲ့စည်းပုံကြီးကို ပြင်ဖို့မလွယ်နိုင်ဘူးလို့ ရန်ကုန်နိုင်ငံရေးအသိုင်းအဝိုင်းက ပြောဆိုနေပါသည်တဲ့ခင်ဗျာ။

သုံးသပ်ချက် (၅)

တိုင်းပြည်ကို ဒီမိုကရေစီနိုင်ငံဖြစ်အောင် တည်ထောင်မည်ဆိုလျှင် လူထု၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှု Popular Sovereignty ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကြောရိုးဖြစ်သည့် အခြေခံ အကျဆုံး လွတ်လပ်မှု အခွင့်အရေးသုံးရပ် Three Basic Freedoms ဖြစ်တဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်များကို အခြေခံဥပဒေသည် မဏ္ဍိုင်အဖြစ် ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံကို စစ်တပ်က နှစ်ပေါင်း ၆၀ ခန့် အုပ်ချုပ်ခဲ့ပြီးပြီ။ ယခု ကမ္ဘာနဲ့မယှဉ်နဲ့ဦး။ အိမ်နီးချင်းနိုင်ငံတွေထွက်ပြီး ဘဝတွေ၊ အသက်တွေ၊ အရှက်တွေနဲ့ရင်းပြီး ကျွန်ခံနေကြရတာ လူတိုင်းအသိ။

ကမ္ဘာက အသိပါ။ နအဖတွင် ဆန်းကြယ်သော သမ္မတစနစ်ကို ချမှတ်ထားသည်။ သမ္မတသည် အခြေခံဥပဒေအရ အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်ရာထူး(သို့မဟုတ်) ဝန်ကြီးချုပ်ဦးဆောင်သည့် ဝန်ကြီးအဖွဲ့အတွက် ပြဋ္ဌာန်းချက်မပါရှိပါ။ ပါလီမန်အစိုးရ၏ ထင်ရှားသော သွင်ပြင်တစ်ခုမှာ ဝန်ကြီးအဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့ အစစ်အမှန်ဖြစ်ပြီး တကယ့် အာဏာကို ကိုင်တွယ်ရသည်။ ပါလီမန်ကို တာဝန်ခံထားရသည်။ တစ်နည်းအားဖြင့် ပြည်သူလူထုကို တာဝန်ခံရသည်။ ဒီမိုကရေစီစနစ်ကို အခြေခံထားသောကြောင့် ဝန်ကြီးအဖွဲ့ကို အယုံအကြည် မရှိအဆိုတင်ကာ ဖြုတ်ချပစ်နိုင်သည်။ နအဖ၏ အခြေခံမူတွင် သမ္မတသည် မည်သူကိုမျှ တာဝန်မခံရ။ သို့သော် ဝန်ကြီးများသည် သမ္မတကို တာဝန်ခံရသည်။ ပါလီမန်ကို တာဝန်မခံရ။ သမ္မတသည် စစ်ဘက်မှ ပုဂ္ဂိုလ်ဖြစ်နေ၍ ဥပဒေပြုအဖွဲ့အပေါ် ဩဇာလွှမ်းမိုးထိန်းချုပ်နေသည်။

ဝန်ကြီးများသည် သမ္မတ၏ လက်အောက်မှဖြစ်ကာ အာဏာရှင်ဆန်လာပေမည်။ နအဖ၏ အခြေခံမူများက သမ္မတသည် နိုင်ငံအကြီးအကဲဖြစ်ပြီး အုပ်ချုပ်ရေးကို ယူနစ်သုံးခုတွင် ဖြန့်ခွဲထားသည်ဟု ဆိုသည်။ သို့သော် မည်သည့်အာဏာကို ဖြန့်ခွဲမည်ကို မရှင်းလင်း။ အသေးစိတ်ကို ပြောမထားပေ။ အစိုးရအဖွဲ့တွင် နိုင်ငံတော်သမ္မတ၊ ဒုသမ္မတနှစ်ဦး၊ ရှေ့နေချုပ်၊ ပြည်ထောင်စု ဝန်ကြီးများပါဝင်သည်။ သမ္မတသည် ပြည်ထောင်စုဝန်ကြီးသုံးဦးတည်းနှင့် အလုပ်လုပ်ရမည်ဖြစ်ပြီး အခြားရွေးကောက်ခံ ကိုယ်စားလှယ်များ ဝန်ကြီးဖြစ်ရေးကို ငြင်းပယ်နိုင်သည်။ပြည်ထောင်စုလွှတ်တော်က အတည်မပြုလျှင် မည်သို့ဖြစ်မည်ကို ပြောမထားပါ။ စစ်တပ်မှ အလိုအလျောက်ဖြစ်လာမည့် သမ္မတကို စွဲချက်တင်ဖြုတ်ချရန် လွှတ်တော်နှစ်ရပ်အနက် တစ်ခုခုအဖွဲ့ဝင်စုစုပေါင်း၏ လေးပုံတစ်ပုံ လိုအပ်သည်။ ဤအချက်မှာ တိုင်းပြည်

အုပ်ချုပ်မှုကို အမြဲငြိမ်းခြောက်နေပါသည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် သမ္မတလက်အောက်တွင်မရှိသလို သမ္မတသည် စစ်သေနာပတိလည်းမဟုတ်ချေ။ မည်သည့်နိုင်ငံမှ ဝင်ရောက်စွပ်ဖက်မှုကိုမဆို ကာကွယ်တားဆီးနိုင်မည့် ဧရာမလက်နက်ကြီးကို ကာကွယ်ရေးဦးစီးချုပ်အား ပေးအပ်ထားသည်။ မြန်မာနိုင်ငံတွင် အတိတ် ကာလဗဟိုချုပ်ကိုင်သည့် စစ်အာဏာရှင်စနစ်အုပ်ချုပ်မှု အတွေ့အကြုံများကို အခြေခံ၍ အနာဂတ် ပြဿနာဖြေရှင်းရေးကို ဦးတည်မည့်စနစ်တစ်ခုဖြစ်ရန် အထူးလိုအပ်နေပါသည်။

အင်တာဗျူး (၆)

ရေဒီယို ဖရီးအေးရှားသတင်းဌာန RFA နှင့် ပခုက္ကူမြို့မှ မြန်မာ့နိုင်ငံရေးလေ့လာသူ ဦးမင်းဆွေ ဆက်သွယ်မေးမြန်းချက် ။

-

ဦးစိန်ကျော်လှိုင် ။ ။ စည်းကမ်းရှိတဲ့ ဒီမိုကရေစီကိုသွားရမယ်လို့ ပြင်ဆင်ပြောပြပါတယ်။ ဆယ်နှစ် ကျော်လာတဲ့အခါ Complete Democracy လို့ နောက်တစ်မျိုးပြောပြန်ပါတယ်။ ဒါပေမဲ့ မလေးရှား ဝန်ကြီးချုပ် မိန့်ခွန်းခြွေအပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ပြောတဲ့ ဒီမိုကရေစီအမျိုးအစားကတော့ အများလက်ခံထားတဲ့ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းဆိုတဲ့ လောကပါလ တရား(၃)ပါး အခြေခံတဲ့ ဒီမိုကရေစီသွားမယ်လို့ ပြင်ဆင်ပြောလိုက်ပြန်တဲ့အတွက် ပြည်သူတွေ ခေါင်းခါရခက်ခက် ဖြစ်သွားပြန်ပါတယ်။ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နဲ့ မတိမ်းမယိမ်းပါပဲ။ လောကပါလတရား (၃)ပါး အခြေခံတဲ့ ဒီမိုကရေစီ NLD ကလည်းသွားမယ်လို့ အစ္စရေးနိုင်ငံထုတ်

သတင်းစာတစ်စောင်ကို ဒေါ်အောင်ဆန်းဆုကြည်ကပါ ပြောလိုက်တဲ့အတွက် နှစ်ဦးသား အတိုင်အဖောက် လုပ်လိုက်သလားလို့တောင် ထင်မှတ်ရပါတယ်။ ပိုပြီးတော့ အံ့သြဖို့ကောင်းတာက စစ်အစိုးရအဆက်ဆက် နှစ်ပေါင်း ၄၀ ကျော်အတွင်း လောကပါလတရားဆိုတဲ့ အသုံးအနှုန်းစသုံးတာ ဒါ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဘာပဲဖြစ်နေနေ စစ်အစိုးရနဲ့ NLD သွားမယ့် ဒီမိုကရေစီစနစ်ဟာ လောကပါလ (၃) ပါး အခြေခံတဲ့ ဒီမိုကရေစီဆိုတဲ့အတွက် စကားလုံးအားဖြင့်တူနေ၊ ရည်ရွယ် ချက်ချင်းတူနေတာဟာ သာဓုခေါ်ချင်စရာကောင်းတဲ့ အချက်ဖြစ်ပါတယ်။

ဦးစိန်ကျော်လှိုင် ။ ။ ပခုက္ကူမြို့က နိုင်ငံရေးလေ့လာသူ ဦးမင်းဆွေ ခင်ဗျား၊ အဲဒီလိုရည်ရွယ်ချက်ချင်း တူနေတဲ့ အဖွဲ့အစည်းနှစ်ရပ် အခုအထိ မျက်နှာချင်းဆိုင် မဆွေးနွေးတာက ဘာကြောင့်လို့ ထင်ပါသလဲ ခင်ဗျာ။

ဦးမင်းဆွေ ။ ။ ဒီမေးခွန်းက ဘယ်သူမှ ဖြေလို့မရဘူး။ နဝတ ဗိုလ်ချုပ်ကြီးတွေပဲ ဖြေရမယ်။ တောတွင်း လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ စကားပြောနိုင်တယ်။ နိုင်ငံခြားအဖွဲ့အစည်းတွေနဲ့ စကားပြောနိုင်တယ်။ ဗြိတိသျှကုန်သည်ကြီးတွေနဲ့ စကားပြောနိုင်တယ်။ ဘာကြောင့် ပြည်တွင်းက NLD ဦးစီးခေါင်းဆောင်တွေနဲ့ မဆွေးနွေးနိုင်တာလဲ။ ဒီမေးခွန်းက သူတို့ပဲဖြေရမှာပဲ။ ဘယ်သူမှ ဖြေလို့မရဘူး။

ဦးစိန်ကျော်လှိုင် ။ ။ ရန်ကုန်မြို့ ဗိုလ်တထောင်သတင်းစာ အငြိမ်းစားအယ်ဒီတာချုပ် ဦးထိန်လင်း အနေနဲ့ကရော ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် ပြောတာကို ဘယ်လိုယူဆပါသလဲ ခင်ဗျာ။

ဦးထိန်လင်း ။ ။ အပြောလေး၊ လေသံတွေကြားရတဲ့အခါမှာ နည်း

နည်းတော့ ထူးဆန်းတာပေါ့ဗျာ။ ကျွန်တော်ကတော့ တစ်ခုပဲပြောချင်ပါတယ်။ နိုင်ငံရေးသမားတွေနဲ့ နိုင်ငံရေးပါတီတစ်ရပ်ပဲဖြစ်စေ၊ အင်အားစုတစ်ခု ဘယ်အင်အားစုကိုမဆို သူတို့ပြောတာတွေနဲ့ အကဲမဖြတ်ပါနဲ့။ သူတို့တကယ် လက်တွေ့၊ တိုင်းပြည်ရဲ့ဘဝ ပြည်သူတွေရဲ့ ဘဝနဲ့ အကဲဖြတ်ဖို့လိုတယ်လို့ ကျွန်တော်ပြောပါရ စေ။

ဦးစိန်ကျော်လှိုင် ။ ။ လောကပါလတရားသုံးပါး အခြေခံတဲ့ ဒီမိုကရေစီသွားမယ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပါတီက အာဏာမရသေးတဲ့အတွက် တကယ်တမ်း အကောင်အထည် ဖော်နိုင် မဖော်နိုင်ဆိုတာ မဲပေးထားတဲ့ မဲဆန္ဒရှင်ပြည်သူတွေ အကဲဖြတ်ဖို့ စောနေပါသေးတယ်။ ဒါပေမဲ့ လက်ရှိ အာဏာဆုပ်ကိုင်ထားတဲ့ နအဖ စစ်အစိုးရနဲ့ ဒီမိုကရေစီကို အကောင်အထည် ဖော်မယ်ဆိုရင် ဖော်နိုင်တဲ့အခွင့်အရေး ရရှိထားတာဖြစ်ပါတယ်။ နအဖ စစ်အစိုးရဘက်က လောကပါလတရား ၃ ပါးနဲ့ညီတဲ့ ပြောင်းလဲမှု အထောက်အထားတွေများ မြန်မာနိုင်ငံမှာရှိနေပြီ လားဆိုတာ ပခုက္ကူမြို့က ဦးမင်းဆွေ ထောက်ပြနိုင်ပါလား ခင်ဗျာ။

ဦးမင်းဆွေ ။ ။ အဓိကချို့ယွင်းနေတဲ့ အချက်ပေါ့။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ခြင်းမရှိဘူး။ တရားမျှတခြင်းမရှိဘူး။ ညီမျှခြင်းမရှိဘူး။ သုံးခုစလုံးက ချို့ယွင်းနေတယ်။ တကယ့်တကယ် ထိထိ ခိုက်ခိုက်ကို ချို့ယွင်းနေတာ တကယ်လို့ ဒီလမ်းကြောင်းကို စသွားပါမယ့်ဆိုရင် တစ်ဆင့်ပြီးတစ်ဆင့် တစ်ခုပြီးတစ်ခု။ တဖြည်းဖြည်းချင်း ကျွန်တော်တို့တော့ မြင်ချင်တယ်။ သူတို့ကမှန်မယ် မြင်ကောင်းမြင်မယ်။ ဘာအထောက်အထားမှ မတွေ့ရသေးဘူး။ အဲဒီအထောက်အထားကိုစပြီး ကြည့်ရမှာပဲ။ ဘယ်ကိစ္စတွေကို ဖွင့်ပေးလာမလဲ။ တရားမျှတမှုတွေ သူတို့လည်း လူထုစည်းဝေး ကျင်းပမယ်။ NLD လည်းကျင်းပလို့ ရရမယ်။

ခင်ညွန့်တို့ဘက်က ဖွင့်ပေးမလား ။ ကျွန်တော်တို့ နိုင်ငံတော်သီချင်းမှာ "တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ၊ တို့ပြည်၊ တို့မြေ"အဲဒါတွေ ချို့ယွင်းနေသရွေ့ ကျွန်တော်တို့မြေ မဟုတ်ဘူး။ ကျွန်တော်တို့ လွတ်လပ်တဲ့ နိုင်ငံမဟုတ်ဘူး။

ဦးစိန်ကျော်လှိုင် ။ ။ ဗိုလ်တထောင်သတင်းစာ အငြိမ်းစား အယ်ဒီတာချုပ် ဦးထိန်လင်း အနေနဲ့ရော လောကပါလတရားသုံးပါးနဲ့ ညီတဲ့ ပြောင်းလဲမှုတွေ နအဖ ဘက်က လုပ်နေတယ်လို့ ထင်ပါသလား ခင်ဗျာ။

ဦးထိန်လင်း ။ ။ ဘာမှ မတွေ့ရဘူး၊ သဘောက ဒီလိုဗျ။ အခု ၁၄ နှစ်ရှိပြီ။ အဲဒီတော့ မူလ ကတိခံဝန်ချက်ထားခဲ့တာတွေ ဘာတွေ အကောင်အထည်ဖော်လည်း စီကာပတ်ကာ ပြောချင်တယ်။ ဘာမှ အကောင်အထည်သိပ်မပေါ်ဘူး။ အဓိက နိုင်ငံရေးကို မပေါ်ဘူးဗျ။ ရွေးကောက်ပွဲတွေ လုပ်ပေးခဲ့တယ်။ ဒါပေမဲ့ ရွေးကောက်ပွဲရလဒ်က ဘာမှ အကောင်အထည်မပေါ်ဘူး။ ကျွန်တော် ပြောချင်တာက သူတို့နဲ့ အကဲခတ်လို့ရှိရင် လက်တွေ့ကျတဲ့အပေါ် အကဲဖြတ်နိုင်၊ မှတ်ကျောက်တင် ကြည့်ရမယ်လို့ ကျွန်တော် ထင်တယ်။

ဦးစိန်ကျော်လှိုင် ။ ။ ဦးမင်းဆွေ ခင်ဗျာ။ ဦးမင်းဆွေ ပြောသလို လောကပါလတရား အပြောင်းအလဲ မတွေ့ရသေးဘူးဆိုရင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ပြောတဲ့ ဒီမိုကရေစီဆိုတာ ဘာကိုဆိုလို တယ်လို့ ထင်ပါသလဲခင်ဗျာ။

ဦးမင်းဆွေ ။ ။ ပြောတာ မမှန်ဘူးဆိုရင် မုသားလို့ပဲ အဓိပ္ပာယ်ဖွင့်ဆိုရမှာပေါ့။ ပြောတာကို အကောင်အထည်ဖော်မှ အမှန်ကိုပြောတာလို့ လက်ခံလို့ရမှာပေါ့။ တလွဲကို အကောင်အထည် ဖော်လာရင်တော့

မှသားပြောတာပဲလို့ အဓိပ္ပာယ်ဖော်ကြမှာပေါ့။

ဦးစိန်ကျော်လှိုင် ။ ။ ဒီမိုကရေစီကို မြန်မြန်သွားရင် အန္တရာယ်ရှိနိုင်တယ်လို့ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် ပြောတာကို စေတနာကောင်းနဲ့ ပြောတာလို့ မယူဆနိုင်သူတွေထဲမှာ ဦးမင်းဆွေများ ပါနေသလား ခင်ဗျာ။

ဦးမင်းဆွေ ။ ။နှစ်ကြာအောင် အချိန်ဆွဲခြင်းအားဖြင့် တစ်စုံတစ်ရာ အကျိုးထူးလိမ့်မယ်ဆိုတာ မဟုတ်ဘူးဗျ။ စနစ်တကျဖြစ်အောင် ဖြည်းဖြည်းမှန်မှန်ဖြစ်အောင် လုပ်နေတယ်လို့ပြောတာ ဘာအဓိပ္ပာယ်မှ မရှိဘူး။ အဲသလိုပဲ အင်္ဂလိပ်တွေလွတ်လပ်ရေးပေးမယ်လုပ်တုန်းက ကြာနိုင်သမျှ ကြာကြာ တိုင်းပြည်ထူထောင်နိုင်အောင် နိုင်ငံသားတွေ အကျိုးရှိအောင် လုပ်မယ်ပြောခဲ့တာပဲ။ အဲဒါအမှန် တရားကို မျက်ကွယ်ပြုဖို့ ငြင်းဆန်တာနဲ့ ဘာမှမထူးဘူးပဲ။ မြန်မြန်ပြောင်းလဲမှသာလျှင် တိုင်းပြည်အတွက် အဘက်ဘက်က ပိုပြီးကောင်းမှာ။

ဦးစိန်ကျော်လှိုင် ။ ။ ဦးထိန်လင်း အနေနဲ့ရော ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ပြောတဲ့ လောကပါလ တရားသုံးပါးနဲ့ ဒီမိုကရေစီ ဖြည်းဖြည်း ပြောင်းရမယ်ဆိုတာကို စေတနာကောင်းနဲ့ ပြောတယ်လို့ ယူဆပါသလား။

ဦးထိန်လင်း ။ ။ ဒါတွေက အပြောကတော့ ကောင်းတယ်ဗျာ။ အနှစ် ၄၀ တုန်းကနဲ့ ၂၆ နှစ်တုန်းကလည်း ဆိုရှယ်လစ်စနစ်ဆိုတာ သူတို့ပြောတယ်။ ကျွန်တော်တို့လည်း ရေးသားခဲ့ရတာပဲ။ ဒီမိုကရေစီ မဟုတ်တဲ့ နိုင်ငံတွေမှာ သူတို့က ဘာလုပ်သလဲဆိုရင် ဟိုတုန်းက ဟစ်တလာတို့ ဘာတို့ ဂျပန်တို့ ဒီဘက်ခေတ်မှာလည်း အာဏာရှင်နိုင်ငံတွေဟာ ဘယ်တော့ ဘာဖြစ်တော့မယ်ဆိုပြီး မျှော်လင့်ချက်သာပေးတာ ဒီလိုပဲ

နေသွားမှာ။

ဦးစိန်ကျော်လှိုင် ။ ။ ဆိုရှယ်လစ်ဆိုတဲ့စကားကို စစ်အစိုးရက မြန်မာ့နည်းမြန်မာ့ဟန်နဲ့ ၂၆ နှစ် ကျင့်သုံးတဲ့အချိန်မှာ ဆိုရှယ်လစ်ဆိုတဲ့စကားပြည်သူတွေမကြားချင်လောက်အောင် ဖြစ်ခဲ့ပါတယ်။ နောက်တစ်ခါ ဈေးကွက်စီးပွားရေးဆိုတဲ့ ကိစ္စတွေကို မြန်မာ့နည်း မြန်မာ့ဟန်နဲ့ စစ်အစိုးရက ၁၄ နှစ်ကြာကျင့်သုံးပြီးတဲ့နောက် ဈေးကွက်စီးပွားရေးဆိုတဲ့လေသံကို ပြည်သူတွေမကြားချင်လောက်အောင် နားလည်ခဲ့ပြန်တယ်။ အခုတစ်ခါ ဒီမိုကရေစီကို မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ကျင့်သုံးမယ်လို့ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ပြောလိုက်တဲ့အချိန်မှာလည်း ပြည်သူတွေခမျာ ကျောချမ်းကုန်ကြ ပါတယ်။

သုံးသပ်ချက် (၆)

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဟုအမည်တပ်ပြီး စစ်ယူနီဖောင်းများအစား ဒီမိုကရေစီ ဝတ်စုံများကို နအဖက ခြုံရတော့မည်။ ဤသည်ပင်လျှင် ဒီမိုကရေစီသည် ပြိုင်ဘက်ကင်းအောင် အားကြီးကြောင်းနှင့် စစ်အုပ်စုသည် အကြွင်းမဲ့တန်ခိုးကြီးသည် မဟုတ်ကြောင်း အသိအမှတ်ပြုရ ခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီကို နည်းအမျိုးမျိုးနှင့် စီစဉ်ဆောင်ရွက်နိုင်ပါသည်။ အဓိကရွေးချယ်စရာ နှစ်ခုမှာ ပါလီမန်အစိုးရနှင့် သမ္မတပုံစံများဖြစ်သည်။ မည်သည့်ပုံစံကသာလွန်ကြောင်း အချိန်ကြာမြင့်စွာ ငြင်းခုံခဲ့ကြသည်။ စစ်အုပ်စု၏ အခြေခံမူများထဲတွင် ထိုအငြင်းပွားမှုကို ပြန်ပြီးမီးမွှေးထားသည်။ အတိတ်ကာလအတွေ့အကြုံများအရ ပါလီမန်(သို့)သမ္မတပုံစံစစ်စစ်များသာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးအောင်မြင်နိုင်ကြောင်း မျက်လုံးကို တိမ်သလ္လာဖုံးနေသော စစ်အုပ်စုများ မမြင်နိုင်ကြသေးပေ။

တရားစီရင်ရေး

မည်သည့် လူ့အဖွဲ့အစည်းတွင်မဆို တရားရေးစနစ် အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့ရဲ့ ဝင်ရောက်စွက်ဖက်မှု ကင်းလွတ်ရပါမည်။ ဤသည်မှာ ဒီမိုကရေစီနိုင်ငံ အများစု ကာလကြာမြင့်စွာကတည်းက ကျင့်သုံးလာခဲ့ကြသည်။ အများကလက်ခံထားပြီး စံတစ်ခု လည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း တရားစီရင်ရေးအဖွဲ့ ၏ လွတ်လပ်မှုဆိုင်ရာ အခြေခံမှုများကိုချမှတ်ခဲ့သည်။ ယင်းမူများအရဆိုလျှင် တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုအာမခံချက်ကို အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားရမည်ဖြစ်သည်။ သို့ဖြစ်၍ အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့ကြား အာဏာခွဲခြားထားရပေမည်။ သို့ရာတွင် နအဖ အခြေခံမူများတွင် တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုများအကြောင်းကို တစ်ခွန်းတစ်ပါဒမျှ ဖော်ပြထားခြင်း မရှိပေ။ ရဲတပ်ဖွဲ့သည် ကာကွယ်ရေးဦးစီးချုပ်ကို အစီရင်ခံရ၊ အမိန့်နာခံရနေရာမှာ ရှိနေလေတော့ ပြစ်မှုကျူးလွန်တဲ့ အာဏာပိုင်တွေကို ဘယ်သူကဖမ်းဆီးပြီး တရားရုံးကို ပို့နိုင်တော့မှာလဲ။ အာဏာပိုင်တွေ လုပ်ချင်ရာသာလုပ် ဖမ်းဆီးမည့်သူ မရှိတော့ပါ။

*